မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၆

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေသတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူ

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးရေသတ်မှတ်နိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အထမြောက်

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ၎င်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၆၅၉) ဦးရှိသည့်အနက် (၆၅၆) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စု

စာမျက်နှာ ၃ ကော်လံ ၁ ◆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မြန်မာအစိုးရအနေဖြင့်ကား အနောက်အုပ်စု၏ ဖိအားပေးပိတ်ဆို့မှုများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျလုပ်ငန်းစဉ်များ ချမှတ်ကာ မှန်မှန်ကြီး ချီတက်လာခဲ့ရာ ယခုအခါ ရှေ့လုပ်ငန်းစဉ် (၇)ရပ်တွင် နောက်ဆုံးအဆင့် ပန်းတိုင်ဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရအဖွဲ့ထံ နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးအပ်နိုင်ရန် ပြည်ထောင်စု လွှတ်တော်ခေါ်ယူလုပ်ဆောင်နေပြီဖြစ်သည်။

ရန်ကြီးအောင်၏ "ပိတ်ဆို့မှုရှင်းတမ်း" ဆောင်းပါး စာ - (၈၊ ၉)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်)

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေး ပြုစုပျိုးထောင်

နိုင်ငံတော်အစိုးရသည် မြန်မာ့ပညာရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာ၌ ပညာထူးချွန်ထက်မြက်သည်သာမက စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့် ဘက်စုံထူးချွန်သူများပေါ်ထွန်းရေးကို မျှော်မှန်းဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးကဏ္ဍ အဓိကစွမ်းအားစုများဖြစ်သည့် ဆရာ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကို လက်ဆင့်ကမ်းတာဝန်ယူသွားကြမည့် မျိုးဆက်သစ်လူငယ်များအား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များအတွင်း စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်တစိုက် တည်ဆောက်ပေးနိုင်သည်နှင့်အမျှ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းလိုသည့်စိတ်ဓာတ်၊ နိုင်ငံကြီးသားပီသသော စိတ်ဓာတ်အစရှိသည့် မြင့်မြတ်သောစိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရရှိသွားကြမည်ဖြစ်သည်။

စိတ်ဓာတ်ရေးရာအခြေခံကောင်းများအပေါ်တွင် အများနှင့်ပူးပေါင်းဆောင်ရွက်တတ်မှု၊ ဖွဲ့လုံ့လ ဝီရိယရှိမှု၊ သစ္စာရှိမှုစသည့် မွန်မြတ်သောအရည်အသွေးကောင်းများ ပြည့်စုံရေးကို တည်ဆောက်ပေးကြရမည်ဖြစ်သည်။ မိမိနိုင်ငံ၏ ထိန်းသိမ်းလာခဲ့သည့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဘာသာရေးအဆုံးအမများ၊ လူမှုရေးနီတိများကိုအခြေခံပြီး တစ်ဦးချင်းစည်းကမ်းလိုက်နာမှုမှတစ်ဆင့် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့် နိုင်ငံတော်၏တရားဥပဒေများကို လေးစားလိုက်နာမှု အလေ့အကျင့်ကောင်းများနှင့် ပေါင်းစည်းပေးခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားသော နိုင်ငံ့သားကောင်း သမီးကောင်းများအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ဆရာ ဆရာမများသည် မိမိတို့၏တပည့်ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်သူများဖြစ်ရေး ပြုစုပျိုးထောင်ပေးသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့ (၅)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါ မှခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

ရွှေပြည်သာမြို့နယ် အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ဆုရကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကျောက်မဲမြို့၌ သင်တန်းဖွင့်

ကျောက်မဲ ဖေဖော်ဝါရီ ၁၅

ကျောက်မဲမြို့နယ် မြေစာရင်းဦးစီးဌာန၌ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျောက်မဲမြို့နယ် မြေစာရင်းဦးစီးဌာနမှူးရုံး၌ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မျိုးဦးက ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ကျောက်မဲမြို့နယ်မြေစာရင်းဦးစီးဌာနမှ သင်တန်းသား ၁၉ ဦး၊ နောင်ချိုမြို့နယ် မြေစာရင်းဦးစီးဌာနမှ သင်တန်းသား ၂၁ဦး၊ မိုင်းလုံမြို့နယ် မြေစာရင်းဦးစီးဌာနမှ သင်တန်းသား လေးဦး၊ မိုင်းငေါ့မြို့နယ် မြေစာရင်းဦးစီးဌာနမှ သင်တန်းသား နှစ်ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လပွတ္တာ၌ စာကြည့်တိုက် ပန္နက်တင်

လပွတ္တာ ဖေဖော်ဝါရီ ၁၅

လပွတ္တာမြို့နယ် ဘိုးပြည့်အုပ်စု ဘေးပေါက်ကျေးရွာတွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီခွဲက ဘေးပေါက် ကျေးရွာစာကြည့်တိုက် ပန္နက်တင်အခမ်းအနားကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဝင်း၊ ဘိုးပြည့်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ရပ်မိရပ်ဖများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများက ပန္နက်တင်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက နိုင်ငံတော်မတည်ငွေကို ကျေးရွာဥက္ကဋ္ဌ ဦးသိန်းထွန်းအားပေးအပ်ပြီးနောက် ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်ဆောက်လုပ်မှုလုပ်ငန်း အချိန်မီပြီးစီးရေးအတွက် ကျေးရွာရှိ ပြည်သူများ၏ကိုယ်စား ဆောင်ရွက်မည့်အစီအစဉ်များနှင့်တကွ ပြန်လည် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မော်လမြိုင်ကျွန်း၌ ပြည်ထောင်စုနေ့ကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂၂ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မော်လမြိုင်ကျွန်းမြို့နယ် ဥက္ကဋ္ဌ ဦးငွေးမောင်က ဖတ်ကြားသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (ဝ၆၅)

အမက(၅)သာကေတ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သာကေတ အမက(၅)၏ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် (တပ်မတော်နေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက်ကျောင်းသား ကျောင်းသူများ ကျင်းပရေးကော်မတီနှင့် ဆက်သွယ်ကြရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဆရာမဒေါ်ဘောဘီ ဖုန်း-၅၄၉၇၉၃၊ ဆရာမဒေါ်ခင်မာကြူ ဖုန်း-၀၉-၅၀၈၄၅၈၅၊ ဒေါ်သဇင် ဖုန်း-၇၃၀-၅၃၈၀၂၊ ကိုအောင်ဇော်မိုး(ခ) ကိုဇော်လေး ဖုန်း-၄၅၀၃၁၇၊ ၅၄၆၀၂၂၊ ကိုမိုးကျော်လွင်(ခ) ကိုကျော်ကျော် ဖုန်း-၇၃၀-၈၇၉၄၁၊ ကိုဆန်းမောင် ဖုန်း-၉၁၉၀၀၅၂၊ ကိုမြင့်အောင် ဖုန်း- ၅၅၆၁၄၆၊ ကိုရွှေမိုး ဖုန်း-၇၃၁-၁၅၀၀၂၊ မစုစုလှိုင် ဖုန်း-၇၃၀-၅၃၄၇၄၊ မဌေးဌေးမြင့် ဖုန်း-၇၃၀-၁၁၇၃၁၊ မအေးအေးသန်း ဖုန်း-၇၂၇၄၇၁၊ မမြင့်မြင့်ကြည် ဖုန်း-၀၉-၄၉၂၆၃၂၉၃၊ မဆွေဆွေသန်း ဖုန်း-၀၉-၅၀၂၇၅၂၅၊ မငြိမ်းသူလှိုင် ဖုန်း-၀၉-၅၀၆၄၄၄၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၅ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင် နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပီးမှန်သမျှ သုံးတတ်က မုချပီးဘေး စဉ်ကင်းဝေး

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် "Osteoporosis Alert! Promoting Bone Health" အကြောင်းဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များနှင့်စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုပါက ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီမှစ၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၌ မှတ်ပုံတင်နိုင်ကြောင်း သိရှိရသည်။

(ဆရာဝန်အသင်း)

ရေဖြန့်ဝေကန် သန့်ရှင်းရေး ဆောင်ရွက်

ဝန်းသို ဖေဖော်ဝါရီ ၁၅

ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် ဇန်နဝါရီ ၇ ရက်က နန္ဒဝံကုန်းပေါ်ရှိ ဂါလန် ၁၅၀၀၀ ဆံ့ ရေဖြန့်ဝေကန်ကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ အနည်များဖယ်ရှားခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်မိုးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းခိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်နှင့် အဆိုပါ အဖွဲ့ဝင် (၇)ဦးအနက် လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌ (၁)ဦး၊ အဖွဲ့ဝင် (၆)ဦးတို့ဖြင့် ဖွဲ့စည်းပြီး အတွင်းရေးမှူး (၁) ဦးအား သီးခြားတာဝန်ပေးရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

တင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ဆွေးနွေးနိုင်

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄တို့နှင့် အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးရေကို (၇) ဦးဖြင့် သတ်မှတ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်းနှင့် ယင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန်ရှိပါက ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးနိုင်ကြောင်း၊ ဆွေးနွေးမည့် ကိုယ်စားလှယ်များသည် ယနေ့ ညနေပိုင်းတွင် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဆဋ္ဌမနေ့အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ်ပြည်ထောင်စု လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဖေဖော်ဝါရီ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

သစ်ခွစိုက်ပျိုးခြင်းသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် စီးပွားဖြစ်သစ်ခွစိုက်ပျိုးခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၁၁)ကို သင်တန်းသား သင်တန်းသူ ၄၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ ဖေဖော်ဝါရီ ၂၁ရက်မှ ၂၆ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း ဖွင့်လှစ်ရန်စီစဉ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (၁၇၃)

မိဘများနှင့် ဦးဘိုးဝတို့အား ရည်စူး၍ ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်သန်းနှင့် သားသမီး၊ မြေးမြစ်များက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ခုတင်၊ ဗီရို၊ မွေ့ရာ လေးစုံအတွက် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်သွင် လက်ခံယူစဉ်။ (သတင်းစဉ်)

မော်လမြိုင်မြို့နယ် ငန်းတေးကျေးရွာအဝင်လမ်း (သာယာအေးဘက်ခြမ်း) ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၇ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးတင်ကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကြူကြူစန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားအဆင့် မုတ်သုံဖိုရမ် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ်ခန်းမ၌ ကျင်းပရာ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ငွေနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ မိုးလေဝသနှင့် ဇလဗေဒပညာရှင်များ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ စိုက်ပျိုးရေး ကျွမ်းကျင်သူ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးတင်ငွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Shin Imai က အမှာစကား ပြောကြားသည်။

ယင်းနောက် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများ၏ မုတ်သုံဖိုရမ်လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များ၊ မြန်မာနိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ဝန်ဆောင်မှု လုပ်ငန်းစဉ်များနှင့် ထုတ်ပြန်ချက်များ၊ ၂၀၁၀ခုနှစ် မုတ်သုံရာသီအတွက် ခန့်မှန်းချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၁၀ ခုနှစ်အတွင်း စိုက်ပျိုးရေး မိုးလေဝသ အခြေအနေ သုံးသပ်ချက်များကို စာတမ်းရှင်များက ဖတ်ကြားတင်ပြကြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းသုံးသပ်အကြံပြု ဆွေးနွေးကြသည်။

ဆက်လက်ဆွေးနွေးမည်

ယခုကျင်းပသည့် မုတ်သုံဖိုရမ်တွင် ၂၀၁၁ခုနှစ် မိုးရာသီကာလအတွင်း ထုတ်ပြန်ခဲ့သော မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များကို ပြန်လည်သုံးသပ်၍ ခန့်မှန်းချက်များ၏ မှန်ကန်မှုအရည်အသွေးများ ဆန်းစစ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသအလိုက်လိုအပ်ချက်များကို ပိုမိုထိရောက်သော မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်များ ထုတ်ပြန်နိုင်ရန် လိုအပ်သည်များကို တက်ရောက်လာကြသည့် ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းကာ လာမည့် မုတ်သုံရာသီအတွက် ယေဘုယျ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များကို လက်ရှိဖြစ်ပေါ်နေသော လာနီညာ အခြေအနေများအား ထည့်သွင်းသုံးသပ်ချက် ထုတ်ပြန်နိုင်မည့် အခြေအနေများကို ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်အထိ ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၅ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ကြီးအား ကြည့်ရှုအားပေးစဉ်။ (သတင်းကျော်မှ)(သတင်းစဉ်)

အလယ်ပိုင်းဒေသများ၌ ညအပူချိန်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၁၆ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ **တက္ကစီမီတာသင်လိုရာ**
၈:၃၅ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၁၀ ၃။ အကပြိုင်ပွဲ
၄:၁၅ ၄။ တေးဂီတအစီအစဉ်
၄:၃၀ ၅။ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၇။ သီချင်းကြီးပဒေသာ
၅:၀၀ ၈။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅:၁၅ ၉။ International Science News
၅:၂၅ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၃၅ ၁၄။ ရွှေရင်ခုန်သံ
၇:၀၅ ၁၅။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၇:၄၀ ၁၆။ အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၁၃)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၃၆)
၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း **နှင်းဆီရဲ့ဆူး** မင်းမော်ကွန်း၊နေအောင်၊ သက်မွန်မြင့်၊မေသဥ္ဇာဦး (ဒါရိုက်တာ-မိုးခြိမ်းညံ)
၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ်(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ဖတ်ကြားစဉ်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့ နံနက် ၆ နာရီ ၁၆ မိနစ် ၁၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၂၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မြစ်ကြီးနားမြို့၏ အနောက်မြောက်ဘက် မိုင် ၉၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မော်လိုက်၌ ပြည်ထောင်စုနေ့ကျင်းပ

မော်လိုက် ဖေဖော်ဝါရီ ၁၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ရုံးကြီးရှေ့ ပြည်သူ့ရင်ပြင်၌ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီးနောက် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မော်လိုက် ခရိုင်ဥက္ကဋ္ဌ ဦးမြင့်နိုင်က ဖတ်ကြားသည်။

ဆက်လက်၍ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခဲ့သော ထက်/လယ်ဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

Kaspersky Antivirus Software ပြခန်း ပါဝင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ အမှတ် ၉၂ ကမ်းနားလမ်း ရန်ကုန်မြို့ရှိ Strand Hotel ၌ နှစ်ရက်တိုင်တိုင်ကျင်းပမည့် Software & Solution Exhibition 2011 ပြပွဲတွင် K Link Co., Ltd. မှ Kaspersky Antivirus Software များကို ပြခန်းဖွင့်လှစ်၍ ပါဝင်ပြသမည်ဖြစ်သည်။

ပြသသွားမည်

အဆိုပါ K Link Co., Ltd. (Kaspersky Antivirus Software) ၏ပြခန်း၌ Kaspersky မှ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော အိမ်သုံး၊ ရုံးသုံး၊ လုပ်ငန်းသုံး Antivirus Software အမျိုးမျိုးနှင့် ၎င်းတို့၏ အသုံးပြုပုံများကို ပြသသွားမည်ဖြစ်ပြီး ဝယ်ယူသူများအား အထူးမေတ္တာလက်ဆောင်များဖြင့် ပြန်လည် ကျေးဇူးတုံ့ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်လှစ်ထား

K Link Co.,Ltd. (Kaspersky Antivirus Software) ၏ အရောင်းဌာနများကို အမှတ် ၅၂၄ ဓမ္မာရုံလမ်း (၁၁) ရပ်ကွက် ဗမိုင်ခွဲ လှိုင်မြို့နယ် ဖုန်း-၅၀၅၂၇၈၊ ၅၃၉၁၅၁ နှင့် အဆောင် ၄ အခန်း ၁ မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်ဝင်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၀၇၀၄၃ နှင့် ၅၀၇၀၄၇ တို့တွင် ဖွင့်လှစ်ထားပြီး ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ အခမ်းအနား မူဆယ်၌ကျင်းပ

မူဆယ် ဖေဖော်ဝါရီ ၁၅

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မူဆယ်ခရိုင် မူဆယ်မြို့ ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးဟိန်းက ဖတ်ကြားသည်။

ယင်းနောက် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် အားကစားပြိုင်ပွဲများ ကျင်းပကာ တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၁ ရက်က လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ကြက်ခြေနီ သင်တန်းဆင်းပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသော ဆေးသေတ္တာနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပေးအပ်သော သဘာဝဘေးအန္တရာယ်ကာကွယ်ရေး စက်ပစ္စည်းကို ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ရင်းမှူး ဒုတိယရဲမှူး သိန်းဦးမြင့်က ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည် လက်ခံယူစဉ်။ (ပညာရေး)

နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းစည်းဝေး

တမူး ဖေဖော်ဝါရီ ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး (တမူး)စခန်း၏ ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက် ကုန်သွယ်မှု မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီက တမူးမြို့ နယ်စပ်ကုန်သွယ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးညီညီထွေးက အမှာစကားပြောကြားပြီး နယ်စပ်ကုန်သွယ်ရေး (တမူး) စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစန်းလွင်က လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီးနောက် နယ်စပ်ကုန်သွယ်ရေးနှင့် ဆက်စပ်သက်ဆိုင်သော ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

16-2 (04).pmd 1 2/16/2011, 2:32 AM

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

ပြည်နယ်လွှတ်တော်က သဘောတူကြောင်းကြေညာခဲ့သည့် ပြည်နယ်ဝန်ကြီး(၉)ဦးအမည်စာရင်းမှ တစ်ဦးကို ပယ်ဖျက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို စတုတ္ထနေ့အဖြစ် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းအပါအဝင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၄) ဦးစလုံး တက်ရောက်ကြသည်။

ကန့်ကွက်

အစည်းအဝေး၌ ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းပြီး ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည့် ပြည်နယ်ဝန်ကြီး (၉)ဦး အမည်စာရင်းအနက် ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကွီးထန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ (က)အရ အသက်(၃၅)နှစ် မပြည့်သေးကြောင်း တီးတိန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇမ်းကျင့်ပေါ်(ခ)ဦးဇိုဇမ်းပါ လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးက လက်မှတ်ရေးထိုးထားသည့်ကန့်ကွက်ချက်အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသို့တင်ပြသည်။

ပယ်ဖျက်

အဆိုပါတင်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဦးကွီးထန်း၏ ကိုယ်ရေးမှတ်တမ်းအား စိစစ်ရာ အသက်(၃၅)နှစ်ပြည့်ရန် ၁၉ ရက်လိုအပ်ကြောင်း တွေ့ရှိရပြီး ကန့်ကွက်တင်ပြချက်သည် ဥပဒေနှင့်ညီညွတ်မှုရှိသဖြင့် ဦးကွီးထန်း၏ အမည်စာရင်းအား ပြည်နယ်ဝန်ကြီးအမည်စာရင်းမှ ဥပဒေနှင့်အညီ ပယ်ဖျက်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီ ၇ မိနစ်တွင် ရပ်နားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်ချွန်ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က အဆိုပါကျောင်း မေတ္တာရောင်ခြည်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဋ္ဌေးက တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မောင်ဇော်လင်းထက်အား ဆုချီးမြှင့်စဉ်။ (၁၂၇)

မြန်မာပို့စ်ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာပို့စ်ဂျာနယ်အတွဲ (၃)၊ အမှတ်(၇)ကို ထုတ်ဝေဖြန့်ချိလိုက်ရာ ဂျာနယ်တွင် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)တွင် အရှေ့တောင်အာရှအဆင့်မီ နေပြည်တော်ရှိ ဆာဖာရီဥယျာဉ်ဖွင့်လှစ်၊ အရှေ့အာရှ စီးပွားရေးမြှင့်တင်မှု မဟာဗျူဟာစီမံကိန်းအရ မြန်မာအပါအဝင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အရှေ့အာရှနိုင်ငံများလိုလား၊ မြန်မာ-အိန္ဒိယနယ်စပ်၌ ငလျင်ဒဏ်ကာကွယ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်၊ မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန် အာဆီယံကူညီမည်၊ ပြည်တွင်းပုဂ္ဂလိကဘဏ်အချို့ ATM ငွေထုတ်စနစ် စတင်အသုံးပြုနိုင်ရန် ကြိုတင်စီစဉ်၊ အာဆီယံဒေသတွင်း ပညာရေးမြှင့်တင်မှုစီမံကိန်းတွင် မြန်မာပါဝင်၊ ဆိုမာလီဓားပြနှင့် မြန်မာသင်္ဘောသား ၁၁ ဦးတို့၏ ဖြစ်ရပ်မှန် သေကံမရောက် သက်မပျောက် ဇာတ်လမ်း၊ သဃ်န်းကျွန်းမီးလောင်ပြင်မှ ကြေကွဲဖွယ်ဖြစ်ရပ်စသည့်မျက်နှာဖုံးသတင်းများ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ဖော်ပြပါရှိ

ထို့အပြင် စက်သုံးဆီဆိုင်များ စက်သုံးဆီသုံးလုပ်ငန်းများသို့ပါရောင်းချရမည်၊မြန်မာနိုင်ငံတွင်ဈေးကွက်ချဲ့ထွင်ရန် ဗီယက်နမ်အထည်ချုပ်ကုမ္ပဏီတစ်ခုစီစဉ်၊ စွမ်းအင်ခက်ခဲသည့် ဒေသများ၌ ဆိုလာပါဝါစနစ် အကောင်အထည်ဖော်မည်၊ ငါးသိန်းတန် GSM ဖုန်းများ ပြည်ပတွင်အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးသွားမည်၊ အာဆီယံစံညွှန်းနှင့်အညီ ကုန်တင်ဆောင်ရ၍ ကုန်တင်လမ်းကြောင်းအချို့ ပြောင်းလဲ၊ အမျိုးသမီးတိုင်းအတွက် အန္တရာယ်ရှိသော ကြက်တောင်ပံများ၊ မြင့်မားလာသော ကုန်စည်ပို့ဆောင်ခနှုန်းထားများ၊၂၀၁၁ခုနှစ် ကိုရီးယားပညာသင်ဆုအစီအစဉ် ဘွဲ့လွန်ကျောင်းသားများ လျှောက်ထားနိုင် စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပုဂံညောင်ဦးနှင့် ပုပ္ပားနယ်မြေခရီးသွား အတွေ့အကြုံ စသည့် ဗဟုသုတရဖွယ် ဆောင်းပါးများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်မြို့နယ်၌ နေကြာနှင့်ကုလားပဲ သီးညှပ်စိုက်ပျိုး

ပျော်ဘွယ် ဖေဖော်ဝါရီ ၁၅

ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထူးလွင်သည် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်အောင်ဆန်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီက ပျော်ဘွယ်မြို့နယ် ကန်သာကျေးရွာအုပ်စု ညောင်နီပင်ကျေးရွာ ကွင်းအမှတ် ၁၉၃၌ တောင်သူဦးချစ်အောင်နှင့် တောင်သူကိုးဦးတို့၏ ဧရိယာ ၁၆ ဒသမ ၁၅ ဧကတွင် စိုက်ပျိုးထားသော နေကြာနှင့်ကုလားပဲ သီးညှပ် စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးမျိုးမင်းက နေကြာနှင့် ကုလားပဲ သီးညှပ်စိုက်ပျိုးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ရမည်းသင်းခရိုင် ဥက္ကဋ္ဌက သီးထပ်၊သီးညှပ်များစိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအား တိုးတက်ကာ တောင်သူတစ်ဦးချင်း ဝင်ငွေ တိုးတက်ရေးတို့အတွက် တောင်သူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)**

စက်ရေတွင်းလှူဒါန်း

ဖေဖော်ဝါရီ ၁၂ ရက်က ခရမ်းမြို့နယ်ရှိ ခရမ်းဘိုးဘွားရိပ်သာသို့ စက်ရေတွင်းလှူဒါန်းပွဲ ကျင်းပရာ စက်ရေတွင်းအလှူရှင် ဦးခင်မောင်သန်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့က ခရမ်းဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးမျိုးညွန့်ထံ စက်ရေတွင်း တူးဖော်မှုဆိုင်ရာ အချက်အလက်များကို ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု ကွမ်းခြံကုန်းမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ နာတာရှည်ရောဂါ ဝေဒနာရှင်များ အတွက် ပြည်သူလူထု အခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ကွမ်းခြံကုန်းမြို့နယ် ဆေးရုံ ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဒုတိယ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ယဉ်သန္တာလွင်က လုပ်ငန်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြီးနောက် ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာတင်မိမိခိုင်၊ ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာသန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှဒေါက်တာဝင်းမြင့်သူတို့က ကဏ္ဍအလိုက် အသိပေး ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်

ထို့နောက် အဆိုပါ အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ နာတာရှည်ရောဂါ ဝေဒနာရှင်များအားအိမ်တိုင်ရာရောက် ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးဝါး၊ အာဟာရပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ) (ကျန်းမာရေး)**

ဖေဖော်ဝါရီ ၅ ရက်က တာမွေမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသည့် ပညာရေးစုံညီပွဲတော်တွင် သူငယ်တန်းမှ သတ္တမတန်းအထိ နှစ်စဉ်ပညာရည်ချွန် ပထမဆုရရှိသည့် မောင်ဇာနည်ထွဋ်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဋ္ဌေးဋ္ဌေးမာ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား

၁၆-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ တရားတော်
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၅ ၄။ အဖွင့်သီချင်း
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၄၅ ၈။ ရန်သူမီး
- ၅:၀၀ ၉။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ရူပဗေဒ)
- ၅:၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၃၉)
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၄။ Mail Box
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း-၄၇)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၁၀)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဦးတည်ချက်(၁၂)ရပ်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာ ပျော်စရာ ဟာသကမ္ဘာ **ကပ်စေးနဲ့ဂေဟာ** ဟန်ထက်ဇော၊ ဇရော၊ ခင်လှိုင်၊ ကျင်ဝှက်၊ ချစ်စု၊ မိုးတိမ်၊ ရီရီပွင့်ဖြူ၊ တက္ကသိုလ်ဝွမ်းပုံ၊ မျိုးမျိုးခိုင်၊ မိုးသွန်းခ ဒါရိုက်တာ စိန်လင်း(ပုံရိပ်ရွှေမြေ)
- ၂၃။ Internet Website ကဏ္ဍ၊ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၈)
- ၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ကန်သာယာကွင်းအတွင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲသို့ တက်ရောက်အားပေးပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကာ ပြပွဲ ပြိုင်ပွဲခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူဆယ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဖေဖော်ဝါရီ ၆ ရက်က မြို့အဝင်မုခ်ဦးအနီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဦးဝင်းဇော်၊ ဒုတိယဦးစီးမှူး(သန့်) ဦးဘရန်ဆိုင်းနှင့်ဝန်ထမ်းများစုပေါင်း သန့်ရှင်းရေးဆောင်ရွက်ရာအမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ချင်းတွင်းအသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၈၀)နှင့်အထက်နာယကများ သက်ကြီးအသင်းဝင် ဘိုးဘွားများအား ပူဇော်ပွဲ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏သားသမီးများ၊ စာပေဆုရအသင်းဝင်ချင်းတွင်းနယ်သူနယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် ဝရဒါ၌ာ ဓာတုစေတီယစွယ်တော်မြတ်စေတီတော်ပရိဝုဏ်အတွင်းရှိအနုတ္တရောပုရိသဓမ္မသာရထိဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံသက်ပြည့် ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရ အသင်းဝင်များ၏ သားသမီးများ၊ စာပေဆုရ ပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ဆုအတွက်ပညာရေးငွေပဒေသာပင်စိုက်ထူလိုသောချင်းတွင်းနယ်သူနယ်သားစေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း-၀၉-၈၆၀၁၀၀၉၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၅၃၄၇၆၄၊ အတွင်းရေးမှူးဦးဝင်းငွေ ဖုန်း-၅၂၄၃၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်း ဖုန်း-၃၈၁၆၄၅၊ ဒေါ်မေစန်းတင် ဖုန်း-၂၄၆၂၃၁၊ ဦးညွန့်ဝေ ဖုန်း-၅၃၅၆၃၆ နှင့်အသင်းတိုက်တည်ရှိရာ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ် ၂၇ အခန်း ၅၇ သို့ ဖေဖော်ဝါရီ ၁၅ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကွန်ပျူတာသုံးစွဲမှု ထိန်းချုပ်နိုင်သည့် Spector Soft ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

LUCKY BIRD GROUP ၏ လုပ်ငန်းတစ်ခုဖြစ်သည့် True Value Solution မှ Internet နှင့် Computer သုံးစွဲမှုများ ထိန်းချုပ်နိုင်သည့် Spector Soft Solution များကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် Strand Hotel ၌ ကျင်းပမည့် Software & Solution Exhibition 2011၌ ပြသမည်ဖြစ်သည်။

သိရှိနိုင်

Spector Soft သည်လုပ်ငန်းခွင်အတွင်း Internet သုံးစွဲမှု၊ Computer သုံးစွဲမှုများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ပြီး အလိုအလျောက် Record လုပ်ပေးသော မိမိ၏ မျက်စိနှင့် မြင်တွေ့ရသကဲ့သို့ ထောက်လှမ်းစုံစမ်းသိရှိနိုင်သော Software Solution တစ်ခုဖြစ်သည်။ Spector Soft ၏ အကျိုးကျေးဇူးများကြောင့် နည်းပညာသုံးစွဲမှု၏ ဆိုးကျိုးများကို Management Level မှ အချိန်နှင့်တစ်ပြေးညီကောင်းစွာကာကွယ်စစ်ဆေးတားမြစ်နိုင်မည်ဖြစ်သည်။ မိမိတို့လုပ်ငန်း၏သတင်းအချက်အလက်များခိုးယူခံရမှု၊ ပေါက်ကြားမှုတို့ကို အလွယ်တကူ အလျင်အမြန် သိရှိနိုင်မည်ဖြစ်သည်။

ထိန်းချုပ်နိုင်

လုပ်ငန်းတွင်း Internet နှင့် Computer သုံးစွဲမှုများကိုလည်း Management Level မှ စည်းကမ်းချက်များထုတ်ပြန်၍ အလိုအလျောက် Schedule စနစ်ဖြင့် ထိန်းချုပ်နိုင်သည့် Software Solution တစ်ခုဖြစ်သည်။ Spector Soft သည် ကွန်ရက်ချိတ်ဆက်မှုအပေါ်မှ Internet နှင့် Computer သုံးစွဲမှုများနှင့်ပတ်သက်သည့် Information များကို အကန့်အသတ်မရှိ မှတ်သားသိရှိနိုင်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ အနေဖြင့် LUCKY BIRD GROUP of Companies ၏ TRUE VALUE Show Room များတည်ရှိရာ ရန်ကုန်ရုံး အမှတ် ၃၅၁ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၉၀၁၁ နှင့် ၂၄၈၁၆၇၊ မန္တလေးရုံး အမှတ် ၅ ၂၆ လမ်း ၇၈ လမ်းနှင့် ၇၉ လမ်းကြား ဖုန်း-၀၂-၂၁၅၇၂၊ နေပြည်တော်ရုံးသပြေကုန်းဈေးအနောက်မြောက်အဝိုင်း နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၅ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ဆုပေးပွဲအခမ်းအနား ကျင်းပရာ စတုတ္ထတန်းမှ ပညာရည်ချွန် ပထမဆုနှင့် ဘက်စုံထူးချွန်ဆုရရှိသော မောင်အောင်ကိုကိုအား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးတင်ဌေး ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

စင်ကာပူနိုင်ငံဖျော်ဖြေရေးသွားတာ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပြန်လာရတဲ့ အဆိုတော်တွေရဲ့ ရင်ဖွင့်စကားသတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၆၆)ကို ဖြန့်ချိလိုက်သည်။

ရွှေဈေးကွက်နှင့်ဒေါ်လာဈေးကွက်ပြန်လည်မြင့်တက်၊ ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် ကားမောင်းပြိုင်ပွဲ ရုပ်ရှင်သရုပ်ဆောင် အဆိုတော်များ ပါဝင်ယှဉ်ပြိုင်၊ ပဒ္မာကဇာတ်ရုံအပါအဝင် နိုင်ငံပိုင်အဆောက်အအုံများ ရောင်းချမည်၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ကားနှင့်ဆိုင်ကယ်ကိုသာမက မည်သူ့ကိုမဆို လွတ်လပ်စွာဖြန့်ဖြူးရောင်းချပေးရန် ညွှန်ကြားထားပြီးဖြစ်၊ မြန်မာ့စီးပွားရေးအပေါ် တောင်ကိုရီးယားနိုင်ငံထုတ်မဂ္ဂဇင်း၏အမြင်၊ နေရောင်ခြည်မှ စွမ်းအင်ထုတ်မည့်စီမံချက်ကို OK Myanmar ကုမ္ပဏီမှ အကောင်အထည်ဖော်မည်၊ သီပေါဘုရင်ထိန်းသိမ်းခံခဲ့ရသည့် စံအိမ်တော်ပြတိုက်ကို ပြန်လည်ပြုပြင်မွမ်းမံ၍ ဖွင့်လှစ်မည်၊ စင်ကာပူတွင် ဘွဲ့လက်မှတ်အတုဖြင့် လိမ်လည်၍ အလုပ်အကိုင်ရရှိရေးလျှောက်ထားမှုများအရေးယူ၊ မြန်မာနိုင်ငံနှင့် စတော့ရှယ်ယာဈေးကွက်၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပန်းပွဲတော်ကျင်းပ၊ ဖုန်းတွေနဲ့ အင်တာနက်သုံးမည်ဆိုလျှင်၊ MAI မှ ရန်ကုန်-ကမ္ဘောဒီးယား ပထမဦးဆုံး ခရီးစဉ်စတင်ပျံသန်းမည်၊ လျှပ်စစ်မီးရရှိရန်လိုအပ်နေသည့် ငွေဆောင်ကမ်းခြေဒေသ မကြာမီလျှပ်စစ်မီးရရှိတော့မည်၊ တောင်ကိုရီးယားနိုင်ငံအတွက် ဈူကလီးယားလက်နက်ကိုယ်တိုင်ထုတ်လုပ်ရန် အချိန်ကျပြီ၊ အသံထက်သုံးဆမြန်ပြီး ရန်သူ့ဒုံးကျည်ကိုပစ်ခတ်နိုင်စွမ်းရှိသည့် တိုက်ချင်းပစ်ဒုံးကျည် အမြောက်အမြား အီရန်ထုတ်လုပ်လျက်ရှိ၊ အစ္စရေးက အီရန်ကိုတိုက်လျှင် အီရန်လက်တုံ့ပြန်တိုက်မည် စသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့် အတူထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ ***(သတင်းစဉ်)***

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)က ကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခဦးမော်သန်းက Notes to the Financial Statements ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမိုးကျော်က F-8 Audit& Assurance ၏ မေးခွန်းပုံစံများကို သုံးသပ်ခြင်းနှင့်ရှင်းလင်းခြင်းကိုဖေဖော်ဝါရီ ၁၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း အလုပ်ရုံဆွေးနွေးပွဲများကို အသင်းတိုက်တည်ရှိရာ အမှတ် ၃၇/၄၁ လမ်း၅၀(အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ရုံးဖုန်း-၂၉၁၆၆၇ နှင့် ၇၃၀-၈၀၂၆၉၊ ၀၉-၅၄၀၇၅၅၃၊ ၀၉-၄၉၂၁၄၅၉၁တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုနေ့ဂုဏ်ပြု အမြို့မြို့အနယ်နယ်၌ လမ်းနှင့် ရေတုံကင်ဖွင့်

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာ၌ အများသုံးရေတုံကင်ကို ဖေဖော်ဝါရီ ၄ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဆန်းအောင်တို့ ဖွင့်လှစ်ပေးကြစဉ်။ (၁၈၃)

သံတွဲမြို့နယ် မဟာဗောဓိမြို့ပတ်လမ်း ကတ္တရာ လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်သိန်း၊ မြို့နယ်အတွင်းရေးမှူး၊ ဦးလှနိုင်အေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ်၌ အရှည်ပေ ၇၅၀၊ အကျယ် ၁၂ ပေရှိ ဂျုံးဖြူလမ်း ကတ္တရာ လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ပဲခူးခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်၌ အရှည်ပေ ၂၈၀၀ရှိ ကျေးရွာချင်းဆက်ဆက်သွယ်ရေးတာလမ်းသစ်ကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဌေးမောင်၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးခင်စိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဝေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၄၂)

ဘားအံမြို့နယ် အမှတ်(၅)ရပ်ကွက်၌ အရှည် ပေ ၆၈၀၊ အကျယ် ၁၂ ပေရှိ အောင်နန်း(၁)လမ်းနှင့် အရှည် ပေ ၆၈၀၊ အကျယ် ၁၆ ပေရှိ အောင်နန်း(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က အောင်နန်း(၂) လမ်းထိပ်၌ ကျင်းပရာ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးလှကြိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ တွံတေး၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် တွံတေးမြို့နယ် သဝန်းတောကျေးရွာအုပ်စု သဝန်းတောကျေးရွာ ပညာအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးသက်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ် စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း (ငြိမ်း)တို့က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်စာစောင် ၁၅၀နှင့် ရေဒီယိုတစ်လုံး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က သတင်းစာခြောက်လစာနှင့် ဒို့ကျေးရွာဂျာနယ် ခြောက်လစာ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက မေမြန်မာဂျာနယ် ၅၀နှင့် ငွေပဒေသာပင်ငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ စာကြည့်တိုက် အဆောက်အအုံ အမျိုးအစားမှာ (၃၀×၂၅)ပေ အုတ်ညှပ်၊ သွပ်မိုးနှင့် သမံတလင်းခင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက်တန်းကျောင်း ရွှေကူမြို့၌ တိုးမြှင့်ဖွင့်လှစ်

ရွှေကူ ဖေဖော်ဝါရီ ၁၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ဘိုကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ် ဥက္ကဋ္ဌ ဦးညီညီနှင့် မြို့နယ် ပညာရေးမှူး ဒေါ်လှမိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အထိမ်းအမှတ်အလံပေးအပ်

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်က အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်းထံ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက အထက (ဘိုကုန်း) ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အလံကို မြို့နယ်ပညာရေးမှူးထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

တောင်ငူမြို့ မြို့မဈေးကြီးအတွင်း ဖေဖော်ဝါရီ ၄ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးထင်အောင်လင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်၊ ဈေးတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ဈေးသူဈေးသားများစုပေါင်း၍ မီးသတ်ဆေးဘူး အသုံးပြုပုံ လက်တွေ့ သရုပ်ပြသကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် စက်မှုဇုန်ရှိ မြန်မာထရက်တာ ကုမ္ပဏီလီမိတက်တွင် စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု လက်တွေ့သင်တန်းကို ဖေဖော်ဝါရီ ၇ ရက်က ဖွင့်လှစ်ရာ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း ဦးစီးအရာရှိ ဦးကိုကိုဦး ပရိဂျက်တာဖြင့်ပြသ၍ ဟောပြောပို့ချစဉ်။ (၁၁၆)

တောင်တွင်းကြီးမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းနိုင်၊ ဒုတိယဦးစီးမှူး (ဈေး) ဦးမင်းစည်သူ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးခင်မောင်ကိုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့နယ် ဆင်ဖြူကျွန်းဈေးအတွင်း မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် ဖေဖော်ဝါရီ ၃ ရက်က ဒုတိယဦးစီးမှူး (အခွန်) ဒေါ်စိုးစိုးသန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဋ္ဌေးမော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် (၄၈) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ယမန်နှစ်ချန်ပီယံများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းတို့က ယင်းတို့ ဆွတ်ခူးရရှိခဲ့ကြသော တံခွန်စိုက်ဒိုင်းဆုကြီးများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားဝန်ကြီးဌာနဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံပေးအပ်ကြသည်။ ထို့နောက် မြန်မာ့လက်ရွေးစင်များဖြစ်ကြသော အောင်ကျော်နိုင်နှင့် ဖြိုးမင်းသာတို့က တစ်ဦးချင်း သရုပ်ပြကစားကြပြီး သတ်မှတ်ထားသောပြိုင်ပွဲ ပွဲစဉ်များကို ကျင်းပသည်။ (၄၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခုတို့မှ ကိုယ်စားပြု အသင်းများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

လက်ခံယူ

လှိုင်မြို့နယ် (၁၆) ရပ်ကွက် မာလာမြိုင် ၃လမ်း အမှတ် ၆၇ နေ ဦးလှတင့်က မိဘများနှင့်ဇနီးဖြစ်သူ ဒေါ်သက်သက်ရှိန် သုံးနှစ်မြောက်အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ရေအားလျှပ်စစ်လုပ်ငန်းသုံးပစ္စည်းများ ပြသရောင်းချ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

SUNTAC TECHNOLOGIES Co., Ltd. မှ ရေအားလျှပ်စစ်လုပ်ငန်းသုံးပစ္စည်းများဖြစ်သော ၂၀၁၀ ခုနှစ်ထုတ် Nivo 2C၊ Nivo 5C၊ Nivo 5M Total Station များ၊ Magellan Handheld GPS များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးရုံသာမက နောက်ဆုံးပေါ် နည်းပညာအနေဖြင့် Up to 4 နာရီအထိ Slump Retention ရရှိနိုင်သော Super Slump Retention Admixture များ၊ Hydraulic Structures များအတွက် Water Leakage Control နှင့် Ground Improvement အတွက် Polyurethane Injection System ဖြင့် ပြုလုပ်နိုင်သော နည်းပညာများ၊ Control Blasting လုပ်ရန်ခက်ခဲသော နေရာများအတွက် Non- Explosive Demolition (Cracking Agent) များ ပြသရောင်းချလျက်ရှိသည်။ **(အောက်ပုံ)**

Glenium Sure TEC နည်းပညာသည် ကွန်ကရစ်ကို စတင်ဖျော်စပ်ချိန်မှ ၄ နာရီအထိ Slump (ပျော့အိမှု)ကို ထိန်းသိမ်းပေးနိုင်သော အစွမ်းသတ္တိရှိပြီး ကွန်ကရစ်ကို ရေကဲ့သို့ စီးဆင်းသွားနိုင်ခြင်း၊ အရည်အသွေး ပိုမိုကောင်းမွန်သော ကွန်ကရစ်သားအဖြစ် ရရှိစေခြင်းစသော အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။

ထို့အပြင် Wate Leakag Control နှင့် Ground Improvement လုပ်ငန်းများတွင် အသုံးပြုသည့် P.U Product သည် ကျောက်အက်ကွဲကြောင်းများအတွင်းသို့ အလွယ်တကူ စိမ့်ဝင်နိုင်သော ဆီကဲ့သို့ ပစ္စည်းမျိုးဖြစ်ပြီး အလွန်သေးငယ်သော အပေါက်မှ ဖိအား 6000 psi ရှိသော Injection Pump ဖြင့် မှုတ်သွင်းကာ Setting Time တွင် ၎င်း၏ မူလပမာဏထက်အဆ(၇)ဆမှ အဆ(၂၀) အထိ ဖောင်းပွ၍ အက်ကွဲကြောင်းများ၊ အပေါက်များ ပိတ်ဆို့သွားစေသည့် နည်းပညာသုံးပစ္စည်းဖြစ်ပြီး Hydraulic Structures များအတွက် ထိရောက်သော နည်းပညာတစ်ခုဖြစ်သည်။

ကုမ္ပဏီက မိုင်းခွဲရန်ခက်ခဲသော နေရာများ၊ စက်ယန္တရားတူးဖော်ရန် ခက်ခဲသောနေရာများ၊ တည်ဆောက်ဆဲနေရာများနှင့် အလွန်နီးကပ်သော နေရာများတွင် Reprofyling Treatment ပြုလုပ်ရန် လိုအပ်သော နေရာများ၌ Non- Explosive Demolition Agent (Cracking Agent) အဖြစ် ရေအားလျှပ်စစ်စီမံကိန်းများတွင် အသုံးပြုသည့် နည်းပညာများကို ပြသလျက်ရှိသည်။

ဆက်သွယ် မေးမြန်းလိုပါက SUNTAC TECHNOLOGIES Co.,Ltd. နေပြည်တော် ဖုန်း-၀၆၇-၄၂၁၃၆၃၊ ၀၆၇-၄၂၀၈၉၁နှင့် ရန်ကုန်ရုံး ဖုန်း-၀၁-၆၅၂၂၄၅-၄၆၊ ၆၅၂၃၁၀၊ ၆၅၂၃၁၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များအတွင်း မြေညှိစက်ဖြင့် မြေသားလမ်းဆောင်ရွက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပိတ်ဆို့မှုရှင်းတမ်း

ရန်ကြီးအောင်

ယမန်နေ့မှ အဆက်

ပိတ်ဆို့မှု၏ ထိရောက်မှု

မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ ပိတ်ဆို့မှုများသည် သာမန်မြန်မာလူထုအပေါ် ထိုက်သင့်သလောက် ထိခိုက်မှုရှိခဲ့ကြောင်း၊ သို့သော် နိုင်ငံစီးပွားရေး ဖုန်းဖုန်းလဲမကျသွားဘဲ ပြန်လည်နာလန်ထူလာခဲ့သည်မှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ ကျားကုတ်ကျားခဲ ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံ၏ သယံဇာတ တောင့်တင်းမှု၊ ပတ်ဝန်းကျင်ဒေသတွင်း နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖွံ့ဖြိုးလာမှုတို့ကြောင့် ဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ပိတ်ဆို့မှုကြောင့် အနောက်အုပ်စုက မျှော်လင့်ထားသည့် ရည်မှန်းချက်များကို မည်မျှထိရောက်စွာ ဖော်ဆောင်နိုင်ခဲ့သည်ဟူသော ထိရောက်မှုအပိုင်းကို ဆွေးနွေးတင်ပြသွားလိုပါ၏။

အနောက်အုပ်စု၏ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများသည် အဓိကအားဖြင့် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ တိုးတက်ပြောင်းလဲမှုများကို ဖော်ဆောင်လာစေရန်နှင့် မြန်မာပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်သည်ဟု ဆိုပါသည်။ ဤကား ထုတ်ပြန်ကြေညာ ပြောဆိုလေ့ရှိသော ရည်ရွယ်ချက်များ ဖြစ်ပါ၏။

သို့သော် နိုင်ငံခြားရေးဝါဒတို့၏ ထုံးစံအတိုင်း နောက်ကွယ်မှ တိုးတိုးတိတ်တိတ် ရည်ရွယ်ချက်၊ ရည်မှန်းချက်များလည်း ရှိနိုင်ပါသည်။ ယင်းရည်မှန်းချက်မှာလည်း နိုင်ငံကို ထိန်းမနိုင်သိမ်းမရ ချောက်ထဲသို့ ကျစေပြီးမှ လက်ရှိမြန်မာအစိုးရ၏နေရာတွင် ၎င်းတို့လိုလားသည့် နိုင်ငံရေးအင်အားစုကို အစားထိုးပြောင်းလဲစေလိုသည့် Regime Change မူဝါဒ ဖြစ်ဖွယ်ရှိကြောင်းမှာလည်း 'မပြေးသော်ကန်ရာရှိ' ဆိုသကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားကြသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။

ဥပမာအားဖြင့် ပိတ်ဆို့မှုလုပ်ရပ်များတွင် အဓိက ဦးစီးဦးဆောင်ဖြစ်နေသော အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအား အာဘက်ဘက်မှလှုပ်မရအောင် နည်းလမ်းမျိုးစုံဖြင့် တမင်သက်သက် ထိုးနှက်ပိတ်ဆို့ထိန်းချုပ်မှုများကို ကြည့်ပါက မြန်မာပြည်သူ တစ်ရပ်လုံးကို ဆင်းရဲခြင်းနွံတွင်း၌ အလူးလူးအလိမ့်လိမ့် ခေါင်းမဖော်နိုင်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်လှပါသည်။

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအကြောင်းပြချက်များဖြင့် တရားဝင်ပိတ်ဆို့မှုကို ၁၉၉၇ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ပါသည်။ ထိုစဉ်က ပိတ်ဆို့မှုပြဋ္ဌာန်းရာတွင် ၁၉၇၇ ခုနှစ် နိုင်ငံတကာအရေးပေါ်စီးပွားရေး အာဏာများဆိုင်ရာ အက်ဥပဒေ (The International Emergency Economic Powers Act of 1977-IEEPA) ကို အသုံးပြု၍ ပိတ်ဆို့ခဲ့ခြင်းဖြစ်၏။ IEEPA ဥပဒေအရ အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးကို ပုံမှန်မဟုတ်ဘဲ ထူးထူးကဲကဲ ခြိမ်းခြောက်မှုရှိသည်ဟု အမေရိကန်သမ္မတက ယုံကြည်ဆုံးဖြတ်ပါက အမျိုးသားအရေးပေါ်အခြေအနေ တစ်ရပ်ကို ကြေညာပြီးလျှင် ထိုသို့ခြိမ်းခြောက်လာသည့် နိုင်ငံအပေါ် ပိတ်ဆို့မှုများပြုလုပ်နိုင်သည်ဟု ဆိုသည်။

ယင်းဥပဒေနှင့်အညီ ၁၉၉၇ ခုနှစ် မေလမှစ၍ သမ္မတဘီလ်ကလင်တန်မှ အစပြုသော အမေရိကန်သမ္မတ အဆက်ဆက်သည် နှစ်စဉ်နှစ်တိုင်း တစ်နှစ်တစ်ကြိမ် မေလသို့ ရောက်လေတိုင်း အမျိုးသားအရေးပေါ်အခြေအနေကို ထုတ်ပြန်လျက် **"မြန်မာနိုင်ငံသည် အမေရိကန်၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးကို 'ထူးထူးခြားခြား' ထိခိုက်အောင် ခြိမ်းခြောက်နေပါသည်"** ဟုဆိုကာ ပိတ်ဆို့မှုများကို ဆက်လက်လုပ်ဆောင်နေခဲ့ရာ လက်ရှိသမ္မတ မစ္စတာအိုဘားမား လက်ထက်သို့တိုင်ပင် ဖြစ်ပါ၏။

ဤနေရာ၌ စဉ်းစားမိသည်မှာ **"မည်သူက မည်သူ၏ အမျိုးသား လုံခြုံရေး၊ နိုင်ငံခြားရေးနှင့် စီးပွားရေးကို ထူးထူးခြားခြား ခြိမ်းခြောက်ခဲ့ပါသနည်း"** ဟူသော ကိစ္စဖြစ်ပါ၏။

သာမန်လူတို့၏ အမြင်ဖြင့်ပင် နှစ်နိုင်ငံအကြား အင်အားနှိုင်းယှဉ်ကြည့်ပါက လူဦးရေ သန်း ၅၀ ကျော်သာရှိ၍ စီးပွားရေးအရလည်း ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်း၌ ပါဝင်ဆဲဖြစ်သော မြန်မာနိုင်ငံသည် လူဦးရေ သန်း ၃၀၀ရှိကာ ကမ္ဘာပေါ်၌ စီးပွားရေးအင်အား အတောင့်တင်းဆုံး၊ စစ်ရေးအရလည်း ကမ္ဘာ့ကာကွယ်ရေး အသုံးစရိတ်စုစုပေါင်း၏ထက်ဝက်ကို တစ်နိုင်ငံတည်း သုံးစွဲပိုင်ဆိုင်ထားသည့် မဟာအင်အားကြီး အမေရိကန်နိုင်ငံကို မည်သို့မည်ပုံထူးထူးခြားခြား ခြိမ်းခြောက်နေသည်ဟု ဆိုနိုင်ပါသနည်း။

လက်တွေ့၌မူ မြန်မာနိုင်ငံတွင် ၁၉၈၈ခု အရေးအခင်းကာလ အတွင်း **မြန်မာပိုင်နက်ပင်လယ်ပြင်အစပ်၌ လေယာဉ်တင်သင်္ဘော အုပ်စုကြီးတစ်စုဖြင့် ရောက်ရှိစောင့်ဆိုင်းနေကာ လိုအပ်လျှင် ကမ်းတက်စစ်ဆင်နိုင်ရေးအတွက် ကမ်းထိုးရေယာဉ်များ အတင်အချလေ့ကျင့်နေသည်မှာ အမေရိကန်သာဖြစ်ပါ၏။**

၂၀၀၈ ခုနှစ် မေလဆန်းတွင် ဂြိုဟ်တုသတင်းများမှတစ်ဆင့် မြန်မာနိုင်ငံသို့ အင်အားအလွန်ပြင်းထန်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး ဦးတည်ဝင်ရောက်လာနေသည်၊ ထိုမုန်တိုင်းကြီးကြောင့် မြန်မာပြည်သူအများအပြား သေကျေပျက်စီး ဒုက္ခကြီးရင်ဆိုင်ရတော့မည်ကိုသိပါလျက် မြန်မာနိုင်ငံသည် အမေရိကန်လုံခြုံရေး၊ စီးပွားရေးကို ထူးထူးခြားခြား ခြိမ်းခြောက်နေပါသည်ဟုဆိုကာ ပိတ်ဆို့မှုအမိန့်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့သည်မှာလည်း အမေရိကန်သမ္မတကြီး တစ်ဦးပင်ဖြစ်ပါ၏။

ထိုသို့ ပိတ်ဆို့ခဲ့မှုကြောင့် အမေရိကန်နိုင်ငံအတွင်းရှိ လူမှုရေးပရဟိတ NGO များအနေဖြင့် မြန်မာနိုင်ငံသို့သွားရောက်၍ ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာမှုအကူအညီများပေးအပ်ရန် မဖြစ်နိုင်လောက်အောင် ခက်ခဲသွားစေခဲ့သည်။ သို့သော် တစ်ဖက်တွင်မူ မြန်မာနိုင်ငံ၏ လေမုန်တိုင်းဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ကူညီရေးအတွက် မြန်မာ့ရေပြင်အတွင်းသို့ အမေရိကန်စစ်သင်္ဘောများ ဝင်ခွင့်မပေးရကောင်းလားဟုဆိုကာ မြန်မာအစိုးရကို အကြီးအကျယ် အပြစ်တင်ခဲ့သည်။

သို့သော် အမေရိကန်ပြည်တွင်း၌ အထိအနာဆုံး ကက်ထရီနာဟာရီကိန်းမုန်တိုင်းဒဏ်သင့်ကာလ၌ပင် ရုရှားရေတပ်၏အကူအညီနှင့် ကျူးဘားနိုင်ငံ၏ အကူအညီကမ်းလှမ်းချက်ကို လက်မခံခဲ့သည့်အပြင် မိမိ၏ရေတပ်အင်အားကိုပင် အသုံးမပြုခဲ့သော အမေရိကန်အစိုးရသည် ၎င်းတို့၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေပါသည်ဟုဆိုသည့် မြန်မာနိုင်ငံ၏ ရေဘေးကာလတွင်ကျမှ **'ကစ်တီဟော့ခ်'** လေယာဉ်တင်စစ်သင်္ဘောကြီးအပါအဝင် လေယာဉ်တင်စစ်သင်္ဘောကြီးနှစ်စင်းကို ဖျက်သင်္ဘော၊ တိုက်သင်္ဘောများခြံရံလျက် မြန်မာ့ကမ်းရိုးတန်း ရေပြင်အတွင်းသို့ အတင်းဝင်ရောက် **'ကူညီ'** လိုခြင်းမှာ မည်သို့သော **'စေတနာ'** ဖြစ်ပါသနည်း။ ထိုကာလကျမှ **'R2P'** ခေါ် **"Right to Protect"** ဒုက္ခရောက်နေသူများကို လူမှုရေးအရ **'အတင်းဝင်ရောက်'** ကာကွယ်ခွင့်ရှိသည်ဟု ကျယ်ကျယ်လောင်လောင် ပြောလာကြခြင်းမှာ မည်သည့်ရည်ရွယ်ချက်ဖြစ်ပါသနည်း။

ထို့ကြောင့်လည်း စင်စစ်အားဖြင့် IEEPA ဥပဒေဖြင့် အရေးပေါ်အခြေအနေကြေညာသူနှင့် ကြေညာခြင်းခံရသူ နိုင်ငံနှစ်နိုင်ငံမှာ နေရာချင်းများ လွဲနေရော့လေသလားဟုသာ ရိုးရိုးသားသားထင်မိပါသည်။

ထပ်မံ၍ စဉ်းစားကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၈၅၇ ခုနှစ်တွင် **"၂တိုင်း ၂ပြည် ရာဇမဟာမိတ်ဖြစ်ကြရလျှင် သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် အခွန့်ရှည်စွာ ကုန်သည်၊ ဆင်းရဲသား၊ ကျွန်တော်မျိုးတို့ အကျိုးများစွာရှိမည်ကိုသဘောထား၍ အမရိကံမင်းထံ မဟာမိတ်ဖြစ်ကြရအောင်"** ချစ်ကြည်ရေးသဝဏ်လွှာပို့ကာ နှစ်နိုင်ငံတရားဝင်ဆက်ဆံရေး စတင်ခဲ့ချိန်မှစ၍ အမေရိကန်နိုင်ငံဘက်သို့ လှည့်၍ အပ်တိုတစ်ချောင်းဖြင့်ပင် ချိန်ရွယ်ဖူးသည်ဟူ၍မရှိခဲ့။ **အမေရိကန်အစိုးရကသာ ၁၉၅၀ ပြည့်လွန်နှစ်များတွင် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကျူးကျော်လာသည့် ကူမင်တန်တရုတ်ဖြူတပ်များအား ပြောင်ပြောင်တင်းတင်း အားပေးကူညီခဲ့သည်။ အမေရိကန်လေကြောင်းလိုင်းအမည်ခံ စီအိုင်အေပိုင် စစ်သုံးကုန်တင်လေယာဉ်ကြီးနှင့် မြန်မာ့တပ်မတော်(လေ)မှ ကြားဖြတ်တိုက်လေယာဉ်တို့ အရှေ့တောင်အာရှတွင် စစ်ပြီးခေတ်၌ ပထမဆုံးနှင့်တစ်ခုတည်းသော လေကြောင်းတိုက်ပွဲဖြစ်ပွားကာ ရန်သူလေယာဉ်ကို ပစ်ချနိုင်ခဲ့သကဲ့သို့ မြန်မာဘက်မှ လေသူရဲဗိုလ်ပီတာလည်း နိုင်ငံအတွက် အသက်ပေးလှူခဲ့ရသည်။ သို့ရာတွင် မြန်မာအစိုးရအနေဖြင့် "ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ" ဟူသော သဘောထားဖြင့်သာ ဘက်မလိုက်မူဝါဒဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သကဲ့သို့ အမေရိကန်နိုင်ငံနှင့်လည်း ပုံမှန်ဆက်ဆံရေး ထားရှိခဲ့သည်သာဖြစ်ပါ၏။**

သို့ပါလျက် အမေရိကန်နှင့် ၁၉၆၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ စစ်ပွဲကြီးဖြစ်ပွားခဲ့သော ဗီယက်နမ်နိုင်ငံနှင့်လည်းကောင်း၊ ၂၀၀၁ ခုနှစ် ၉/၁၁ အကြမ်းဖက်လုပ်ရပ်တွင် အမေရိကန်ရှိ အရေးပါသော အဆောက်အအုံကြီးများကို အပိုင်စီးထားသောလေယာဉ်များဖြင့် အသေခံထိုးချတိုက်ခိုက်ကာ အမေရိကန်ပြည်သူပေါင်း သုံးထောင်ကျော် သေကျေပျက်စီးအောင် တိုက်ခိုက်ရာ၌ တိုက်ခိုက်သူအကြမ်းဖက်သမားများတွင် အများစုပါဝင်သည့် ဆော်ဒီအာရေဗျနိုင်ငံနှင့်လည်းကောင်း ချစ်ခင်ရင်းနှီးစွာ မဟာမိတ်ဖွဲ့ဆက်ဆံနိုင်ပါသော်လည်း အမေရိကန်နိုင်ငံ၏ လုံခြုံရေးကို ထိပါးအောင်လုပ်နိုင်စွမ်းလည်းမရှိ၊ လုပ်ဖူးသည့် ရာဇဝင်လည်းမရှိ၊ လုပ်ရန်လည်းရည်ရွယ်ချက်မရှိသည့် မြန်မာနိုင်ငံကို

ထိုသို့ 'နိုင်ငံရေးရည်ရွယ်ချက်' ဖြင့် ဆောင်ရွက်/ပိတ်ဆို့ခဲ့သမျှမှာ နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်မျှထိရောက်ပါသနည်း။ မည်မျှအကောင်အထည်ဖော်နိုင်ပါသနည်း။ မြန်မာနိုင်ငံအနေဖြင့် အမျိုးမျိုးအဖုံဖုံသော ပိတ်ဆို့မှုများ၊ စိန်ခေါ်မှုများအကြားမှပင် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နေ့မအား၊ ညမနား အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ဆောင်လာခဲ့ရာ ယခုအခါ ခိုင်မာသော စီးပွားရေး၊ နိုင်ငံရေး အခြေခံများကို ထူထောင်နိုင်ခဲ့ပြီဖြစ်သည်ကို မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်ပေ။ မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ တစ်ဖက်သတ်ပိတ်ဆို့မှုများသည် ပြည်သူများကို ထိခိုက်စေသည်မှအပ ၎င်းတို့မျှော်မှန်းထားရှိသော နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်သို့မျှ ထိရောက်မှုမရှိကြောင်း အနောက်အုပ်စုနိုင်ငံများမှပင် နိုင်ငံခြားရေးဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း၊ လေ့လာသူပညာရှင်များစွာတို့ကလည်းကောင်း လူသိရှင်ကြား ဝန်ခံ၊ ဖော်ထုတ်ခဲ့ကြပြီးဖြစ်ပါ၏။

အဘယ်ကြောင့် ထူးခြားသော လုံခြုံရေး
ထပ်ပြန်တလဲလဲ သတ်မှတ်နေသနည်းဆိုသ
တို့၏ ဦးနှောက်ဖြင့်စဉ်းစား၍ နားမလည်နိုင်
အလားတူပင် အမေရိကန်နိုင်ငံခြားရေ
ထုတ်ပြန်လေ့ရှိသော "မူးယစ်ဆေးဝါးတိုက
သရော ပူးပေါင်းလုပ်ဆောင်မှုမရှိသည့်နိုင်ငံမ
သို့ မူးယစ်ဆေးအများဆုံးသွင်းနေသော
အချို့နှင့် ကမ္ဘာပေါ်၌ ဘိန်း (၉၈%) ထုတ်လုပ
နိုင်ငံတို့အား "အမျိုးသားအကျိုးစီးပွားအ
စိုက်ပျိုးမှု သိသိသာသာ လျော့နည်းသွားအေ
မြန်မာနိုင်ငံကို စာရင်း၌ ထည့်သွင်း၍ ပိတ
'အံ့ဖွယ်' တစ်ခုပင်ဖြစ်တော့သည်။
ထိုမျှမကသေး မြန်မာအစိုးရသည်
အောင် အမှန်တကယ် ထိရောက်စွာလုပ်
အတိုင်း သတင်းပေးပို့ခဲ့သော အမေရိကန်
ဆိုင်ရာအရာရှိတစ်ဦးကို သံရုံးနှင့် စီအိုင်
ဖိအားပေးကြသည်။ ၎င်း၏တယ်လီဖုန်းကို
ဖမ်းယူထောက်လှမ်းခဲ့သည်။ ထိုအရာရှိ
ပြန်ရောက်ရာတွင် ထိုသို့လုပ်ဆောင်သူများ
ပြန်၍တရားစွဲရာ၌လည်း နှစ်ပေါင်းများစွ
အကြောင်းအမျိုးမျိုးဖြင့် ကာဆီးထားခဲ့သည်။
အခါ ဒေါ်လာသုံးသန်းပေး၍ တိုးတိုးတိတ်
ခဲ့ကြောင်း သိရ၏။ စင်စစ်၌ မြန်မာအစိုး
တိုက်ဖျက်ရေးတွင် အမှန်တကယ် ထိထိရေ
ကြောင်း ယင်းတို့က ကမ္ဘာကို အသိမပေး
အထက်ဖော်ပြပါ အချက်အလက်ဖြစ်
ကောက်ချက်ချရပါလျှင်မူ အမေရိကန်နှင့်
အနောက်အုပ်စုတို့က ပိတ်ဆို့နေခြင်းသည်
ကရေစီရေး'နှင့် 'လူ့အခွင့်အရေး' အ
တပ်မတော်အစိုးရကို ဖြုတ်ချကာ ကိုယ့်
နိုင်ငံရေး ရည်ရွယ်ချက်သက်သက်ဖြင့်သာ
လက်နက်ကိရိယာ တစ်ရပ်အဖြစ် ကျင့်သုံးခဲ့
မာမာ ဖော်ထုတ်နိုင်ပေလိမ့်မည်။
**ထိုသို့ 'နိုင်ငံရေးရည်ရွယ်ချက်' ဖြ
သမျှမှာ နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည
မည်မျှအကောင်အထည်ဖော်နိုင်ပါသနည်း။
အမျိုးမျိုးအဖုံဖုံသော ပိတ်ဆို့မှုများ၊ စိန်ခေါ
တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ
အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ဆောင်လာခဲ့
စီးပွားရေး၊ နိုင်ငံရေး အခြေခံများကို ထူ
မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်ပေ။ မြန်မ
အုပ်စု၏ တစ်ဖက်သတ်ပိတ်ဆို့မှုများသည်
စေသည်မှအပ ၎င်းတို့မျှော်မှန်းထားရှိသော နိ
မည်သို့မျှ ထိရောက်မှုမရှိကြောင်း အနေ
နိုင်ငံခြားရေးဆိုင်ရာ တာဝန်ရှိသူများကလ
ပညာရှင်များစွာတို့ကလည်းကောင်း လူသိရှ
ကြပြီး ဖြစ်ပါ၏။**
ရင်ထဲ၌ ရှိသည့်အတိုင်း ပွင့်ပွင့်လင်း
ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနတ
Couchner) ဖြစ်၏။ ၂၀၀၉ ခုနှစ် အော
တွင် ပြင်သစ်လွှတ်တော် နိုင်ငံခြားရေးကော
ရာတွင် မြန်မာအစိုးရနှင့် တိုက်ရိုက်တွေ့ဆုံ
ပြောဆိုခဲ့ပြီး" **ပိတ်ဆို့မှုတွေဟာ အသုံးမ
သိထား(အသိအမှတ်ပြုထား)ကြပြီးသားပါ၊
ပိုပြီး ပွင့်ပွင့်လင်းလင်း လမ်းဖွင့်မပေးသင့်ဘူ**
နော်ဝေ နိုင်ငံခြားရေးဝန်ကြီး ယိုနပ်စ်ဂါ
Stoere) ကလည်း မြန်မာအစိုးရအပေါ် အ
ထားသည့် ပိတ်ဆို့မှုများသည် ထိရောက်မှုလ
posten) အမည်ရှိ နော်ဝေသတင်းစာသို့
ရက်နေ့ (နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးမကြာမ
မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု
ထိရောက်မှုမရှိကြောင်း စနစ်တကျလေ့လာ
များ၏ သုတေသနစာတမ်းများ၊ ဆောင်းပါး
လှသဖြင့် ကုန်စင်အောင်ပင် ရေတွက်ပြနိုင်ရ
သို့သော် အမှန်တကယ် ယထာဘူတကျ
အတွက် ထင်ရှား၍ အများလေးစားလက်
လုပ်ငန်းအချို့ကို ဖော်ညွှန်းရမည်ဆိုလျှင်-

- Hadar, L., 1998. 'US Sanc
ma: a failure on all fro
Trade Policy Analysis
- Hadar , L., 2001. 'Burma
as a morality play' , J
tional Affairs 54 (2): 4

အဘယ်ကြောင့် ထူးခြားသော လုံခြုံရေးခြိမ်းခြောက်မှုတစ်ရပ်ဟု ထပ်ပြန်တလဲလဲ သတ်မှတ်နေသနည်းဆိုသည်မှာမူ သာမန်လူရိုးရိုးတို့၏ ဦးနှောက်ဖြင့်စဉ်းစား၍ နားမလည်နိုင်အောင်ရှိရပါသည်။

အလားတူပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်စဉ်ထုတ်ပြန်လေ့ရှိသော **"မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၌ အားတက်သရော ပူးပေါင်းလုပ်ဆောင်မှုမရှိသည့်နိုင်ငံများ"** စာရင်း၌ အမေရိကန်သို့ မူးယစ်ဆေးအများဆုံးသွင်းနေသော လက်တင်အမေရိကနိုင်ငံအချို့နှင့် ကမ္ဘာပေါ်၌ ဘိန်း (၉၈%) ထုတ်လုပ်နေသော အာဖဂန်နစ္စတန်နိုင်ငံတို့အား "အမျိုးသားအကျိုးစီးပွားအရ" ချန်ထားကာ ဘိန်းစိုက်ပျိုးမှု သိသိသာသာ လျော့နည်းသွားအောင် ဆောင်ရွက်နိုင်ခဲ့သော မြန်မာနိုင်ငံကို စာရင်း၌ ထည့်သွင်း၍ ပိတ်ဆို့ထားခဲ့ခြင်းမှာလည်း 'အံ့ဖွယ်' တစ်ခုပင်ဖြစ်တော့သည်။

ထိုမျှမကသေး မြန်မာအစိုးရသည် ဘိန်းစိုက်ပျိုးမှုလျော့နည်းအောင် အမှန်တကယ် ထိရောက်စွာလုပ်ဆောင်ခဲ့သည်ဟု အမှန်အတိုင်း သတင်းပေးပို့ခဲ့သော အမေရိကန် DEA မှ မြန်မာနိုင်ငံဆိုင်ရာအရာရှိတစ်ဦးကို သံရုံးနှင့် စီအိုင်အေတာဝန်ခံတို့က ဝိုင်း၍ ဖိအားပေးကြသည်။ ၎င်း၏တယ်လီဖုန်းကို လျှို့ဝှက်စွာ ကြားဖြတ်ဖမ်းယူထောက်လှမ်းခဲ့သည်။ ထိုအရာရှိက အမေရိကန်နိုင်ငံသို့ ပြန်ရောက်ရာတွင် ထိုသို့လုပ်ဆောင်သူများအား အသရေဖျက်မှုဖြင့် ပြန်၍တရားစွဲရာ၌လည်း နှစ်ပေါင်းများစွာ တရားစွဲ၍မရအောင် အကြောင်းအမျိုးမျိုးဖြင့် ကာဆီးထားခဲ့သည်။ နောက်ဆုံးတား၍မရသောအခါ ဒေါ်လာသုံးသန်းပေး၍ တိုးတိုးတိတ်တိတ် အမှုကျေအေးစေခဲ့ကြောင်း သိရ၏။ စင်စစ်၌ မြန်မာအစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အမှန်တကယ် ထိထိရောက်ရောက်လုပ်ဆောင်နေကြောင်း ယင်းတို့က ကမ္ဘာကို အသိမပေးလိုကြပေ။

အထက်ဖော်ပြပါ အချက်အလက်ဖြစ်ရပ်မှန်များကို ပေါင်းခြုံ၍ ကောက်ချက်ချရပါလျှင်မူ အမေရိကန်နှင့် နောက်လိုက်နောက်ပါ၊ အနောက်အုပ်စုတို့က ပိတ်ဆို့နေခြင်းသည် သူတို့ပြောသည့် **'ဒီမိုကရေစီရေး'** နှင့် **'လူ့အခွင့်အရေး'** အကြောင်းပြချက်များထက် တပ်မတော်အစိုးရကို ဖြုတ်ချကာ ကိုယ့်လူကို ကိုယ်တင်လိုသည့် နိုင်ငံရေး ရည်ရွယ်ချက်သက်သက်ဖြင့်သာ နိုင်ငံခြားရေးမူဝါဒ၏ လက်နက်ကိရိယာ တစ်ရပ်အဖြစ် ကျင့်သုံးခဲ့ခြင်းဖြစ်သည်ဟု ခိုင်ခိုင်မာမာ ဖော်ထုတ်နိုင်ပေလိမ့်မည်။

ထိုသို့ 'နိုင်ငံရေးရည်ရွယ်ချက်' ဖြင့် ဆောင်ရွက်/ပိတ်ဆို့ခဲ့သမျှမှာ နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်မျှထိရောက်ပါသနည်း။ မည်မျှအကောင်အထည်ဖော်နိုင်ပါသနည်း။ မြန်မာနိုင်ငံအနေဖြင့် အမျိုးမျိုးအဖုံဖုံသော ပိတ်ဆို့မှုများ၊ စိန်ခေါ်မှုများအကြားမှပင် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နေ့မအား၊ ညမနား အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ဆောင်လာခဲ့ရာ ယခုအခါ ခိုင်မာသော စီးပွားရေး၊ နိုင်ငံရေး အခြေခံများကို ထူထောင်နိုင်ခဲ့ပြီဖြစ်သည်ကို မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်ပေ။ မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ တစ်ဖက်သတ်ပိတ်ဆို့မှုများသည် ပြည်သူများကို ထိခိုက်စေသည်မှအပ ၎င်းတို့မျှော်မှန်းထားရှိသော နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်သို့မျှ ထိရောက်မှုမရှိကြောင်း အနောက်အုပ်စုနိုင်ငံများမှပင် နိုင်ငံခြားရေးဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း၊ လေ့လာသူ ပညာရှင်များစွာတို့ကလည်းကောင်း လူသိရှင်ကြား ဝန်ခံ၊ ဖော်ထုတ်ခဲ့ကြပြီး ဖြစ်ပါ၏။

ရင်ထဲ၌ ရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ခဲ့သူမှာ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနတ်ကူးချ်နာ (Bernard Couchner) ဖြစ်၏။ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ပြင်သစ်လွှတ်တော် နိုင်ငံခြားရေးကော်မတီ၌ ထွက်ဆိုပြောကြားရာတွင် မြန်မာအစိုးရနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးရေးကို ထောက်ခံပြောဆိုခဲ့ပြီး" **ပိတ်ဆို့မှုတွေဟာ အသုံးမကျပါဘူး၊ ဒါကို လူတိုင်းသိထား(အသိအမှတ်ပြုထား)ကြပြီးသားပါ။ အဲတော့ ဒီအစိုးရကို ပိုပြီး ပွင့်ပွင့်လင်းလင်း လမ်းဖွင့်မပေးသင့်ဘူးလား**"ဟု ဆိုခဲ့သည်။

နော်ဝေ နိုင်ငံခြားရေးဝန်ကြီး ယိုနပ်စ်ဂါးရ်စတိုရီ (Jonas Gahr Stoere) ကလည်း မြန်မာအစိုးရအပေါ် အနောက်နိုင်ငံများက ချမှတ်ထားသည့် ပိတ်ဆို့မှုများသည် ထိရောက်မှုလုံးဝမရှိကြောင်း (Afterposten) အမည်ရှိ နော်ဝေသတင်းစာသို့ ၂၀၀၈ ခုနှစ် မေလ ၁၆ ရက်နေ့ (နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးမကြာမီ)က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ ပိတ်ဆို့မှုများသည် ထိရောက်မှုမရှိကြောင်း စနစ်တကျလေ့လာတင်ပြခဲ့ကြသည့် ပညာရှင်များ၏ သုတေသနစာတမ်းများ၊ ဆောင်းပါးများမှာကား များပြားလွန်းလှသဖြင့် ကုန်စင်အောင်ပင် ရေတွက်ပြနိုင်ရန် လွယ်ကူမည်မဟုတ်ပေ။ သို့သော် အမှန်တကယ် ယထာဘူတကျကျ သိရှိလေ့လာသူများအတွက် ထင်ရှား၍ အများလေးစားလက်ခံကြသည့် သုတေသနလုပ်ငန်းအချို့ကို ဖော်ညွှန်းရမည်ဆိုလျှင်-

- Hadar, L., 1998. 'US Sanctions against Burma: a failure on all fronts' , Cato Institue., Trade Policy Analysis , No 1 , March.
- Hadar , L., 2001. 'Burma: US foreign policy as a morality play' , Journal of International Affairs 54 (2): 411-426.
- International Crisis Group, 2004 'Myanmar: sanctions, Engagement or Another way Forward?' , Yangon / Brussel: International Crisis Group.
- Badgley, J:(ed), 2004. 'Reconciling Burma / Myanmar: Essays on US Relations with Burma.' Seattle: National Bureau of Asian Research.
- Preeg, E., 1999,' Feeling Good or Doing Good with Sanctions? Unilateral Economic Sanctions and the US National Interest, ' Washington, D.C: Center for Strategic and International Studies.
- Sachs, J., 2004. ' Myanmar:sanction won't work', Financial Times, 27 July.
- Steinberg, D., 2004. 'Burma: feel-good US Sanctions wrongheaded.' Yale Global Online, 19 may.
- Nyun, M.T., 2008 'Feeling Good or Doing Good : Inefficacy of the U.S. Unilateral Sanctions against the Military Government of Burma / Myanmar', Washington University Global Studies Law Review (Vol.7)
- Oehlers, A., 2004. 'Sanctions and Burma: Revisiting the Case Against', Department of Economics Auckland University of Technology.
- Len, C. etal, 2007.'Burma / Myanmar's Ailments: Searching for the Right Remedy', Silk Road Paper, March.

အထက်ဖော်ပြပါ စာစုစာရင်းကို လေ့လာမည်ဆိုပါက ပိတ်ဆို့မှုကို ရှေ့နေလိုက်သည့် ပြည်ပြေးအချို့ပြောသကဲ့သို့ မြန်မာပြည်၌ နှစ်ပတ်ဗီဇာဖြင့် ခေတ္တလာကြည့်ပြီး ထင်ရာလျှောက်ရေးသူများ မဟုတ်ဘဲ နိုင်ငံတကာက လေးစားအသိအမှတ်ပြုသည့် တက္ကသိုလ်များ၊ သုတေသနဌာနများမှ အစွဲကင်းစွာလေ့လာသူ ပညာရှင်သုတေသီများသာ ဖြစ်ကြသည်ကို တွေ့ရပေလိမ့်မည်။

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ထိရောက်မှုမရှိရခြင်းနှင့် ပတ်သက်၍ ထိုသုတေသနစာတမ်း/ဆောင်းပါးများကို အင်တာနက်မှတစ်ဆင့် အလွယ်တကူ ရှာဖွေလေ့လာနိုင်ပါ၏။ ထိုသို့ လေ့လာပြီးနောက် NLD ၏ စာတမ်းနှင့်နှိုင်းယှဉ်ကာ မိမိတို့၏ ဆင်ခြင်တုံဉာဏ်ဖြင့် ပိုင်းခြားဝေဖန်သုံးသပ်ခြင်းဖြင့် အမှန်တရားနှင့် နီးစပ်သော ရလဒ်အဖြေကို ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာအစိုးရအနေဖြင့်ကား အနောက်အုပ်စု၏ ဖိအားပေးပိတ်ဆို့မှုများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျလုပ်ငန်းစဉ်များ ချမှတ်ကာ မှန်မှန်ကြီးချီတက်လာခဲ့ရာ ယခုအခါ ရှေ့လုပ်ငန်းစဉ် (၇)ရပ်တွင် နောက်ဆုံးအဆင့် ပန်းတိုင်ဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရအဖွဲ့ထံ နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းပေးအပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ခေါ်ယူလုပ်ဆောင်နေပြီ ဖြစ်လေတော့သည်။ လွှတ်တော်နှင့်အတူ အသက်ဝင်လာပြီဖြစ်သည့် အခြေခံဥပဒေသစ်၌လည်း လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ စုရုံးခွင့်အပါအဝင် နိုင်ငံသားတို့အတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ ဒီမိုကရေစီကျင့်စဉ်ကျင့်ထုံးများကို ထည့်သွင်းပြဋ္ဌာန်း အာမခံချက်ပေးထားပြီးဖြစ်ရာ အနောက်နိုင်ငံများက တောင်းဆိုလျက်ရှိကြသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် အသစ်ပေါ်ထွန်းလာသည့် ဒီမိုကရေစီနိုင်ငံတော်သစ်နှင့်အတူ ခိုင်ခိုင်မာမာ ပါဝင်လာခဲ့ပြီဖြစ်ပါ၏။

ထို့ကြောင့် အများပြည်သူ သာမန်လူထုကိုသာ ထိခိုက်မှုရှိစေပြီး လက်တွေ့ထိရောက်မှုမရှိတော့သည့် ပိတ်ဆို့မှုများကို ရုပ်သိမ်းပါရန် အမှန်အတိုင်းသိမြင်နေကြသော မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ မြန်မာနိုင်ငံအတွင်းရှိ တရားဝင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများက တစ်ခဲနက်တောင်းဆိုနေကြခြင်းဖြစ်ပါ၏။

ထိုသို့ အများက နိုင်ငံနှင့်ပြည်သူလူထုကောင်းစားရေးအတွက် ရင်ထဲမှဆန္ဒဖြင့် လှိုက်လှိုက်လှဲလှဲတောင်းဆိုနေမှုများကို အတ္တစွဲ၊ အဆိုးမြင်အယူဝါဒစွဲ ကြီးမားစွာဖြင့် မျက်ကွယ်ပြုကာ**"ပိတ်ဆို့မှုများ ရုပ်သိမ်းပေးဖို့ မလို၊ ဆက်လက်၍ ပိတ်ဆို့ထားပေးပါ"** ဟု သခင်အားရ ကျွန်ပါးဝ တောင်းဆိုမှုများကို ဆက်လက်ခေါင်းမာစွာ စွဲကိုင်ထားသူ လူတစ်စုမှာကား ပြည်သူလူထုနှင့် ကြာလေဝေးလေ ဖြစ်ကာ သမိုင်း၏ ဒဏ်ခတ်ခြင်းကို မလွှဲမကန်ခံရဖွယ်ရှိနေပေတော့ရာ အချိန်မနှောင်းမီ စိတ်ကောင်းနှင့်ယှဉ်၍ မိမိတို့၏ အမြင်မှား၊ လမ်းစဉ်အမှားများကို ပြုပြင်လျက် နိုင်ငံတော်သစ်တည်ဆောက်ရေး၌ တစ်တပ်တစ်အား လက်တွဲပါဝင်လာကြစေလိုကြောင်း စေတနာကောင်းဖြင့် သတိပေး ဖိတ်ခေါ်လိုက်ရပါသတည်း။ ။

ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပသည့် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကင်ဂျုံအီး၏ မွေးနေ့အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်လွင်နှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Kim Sok Chol ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္တီသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဘဝ၏အပိုင်းအစများ** တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမဓ္ဓဆရာတော်)]
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၆)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၃)
၈:၄၀	Emperor Love Concert (Part-2)
၉:၁၅	Activities in the City မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းဂုဏ်ပြုချီးမြှင့်ပွဲနှင့်စာနယ်ဇင်းတွေ့ဆုံပွဲ အခမ်းအနား
၉:၃၀	**အားကစားမြင်ကွင်းစုံ** မင်းဦး၊ ထွန်းထွန်းဝင်း(ရတနာပုံနှင့်မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)၊ ဝေမင်းမောင်
၁၀:၀၅	သွေးချင်းတို့မြေ ချင်းဌာနေ
၁၀:၂၀	ဓာတ်ပုံထဲမှအမှတ်တရများ (ပန်းဖြူ)
၁၀:၅၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ယောက္ခမရဲ့ကျေးဇူးတော်** ရိုက်ကွင်းအမှတ်တရ
၁၁:၂၀	သင်ယူလေ့လာဂီတပညာ (Compound Chords) (Part-10)
၁၁:၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	Industrial Talk [ဒေါက်တာတိုးအောင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၂:၄၀	အထက(၂) ဒဂုံ(မြို့မ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ
၁:၀၀	**ဘဝ၏အပိုင်းအစများ** တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမဓ္ဓဆရာတော်)]
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း **မနာလိုဖြစ်တာကောင်းတယ်၊ မနာလိုမဖြစ်တာကောင်းတယ်**
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၆)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၃)
၄:၄၀	Activities in the City ကူးစက်ရောဂါနှင့် နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ကျန်းမာရေးရန်ပုံငွေအစီအစဉ်
၄:၅၅	စာအုပ်စာပေလူ့မိတ်ဆွေ လက္ခဏာပညာဖြင့်အိမ်ထောင်ဖက်ကောင်းရွေးချယ်နည်း
၅:၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၄၅	ခနေဖြူမြို့ရဲ့အထင်ကရနေရာများဆီသို့အလည်တစ်ခေါက်
၆:၀၀	MRTV-4 သတင်း
၆:၂၀	သင်ကြားရေးလမ်းညွှန် (Better Life Education & Career Supporting Centre)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၇)
၇:၂၅	Emperor Love Concert (Part-3)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ပြုံးပျော်ကျန်းမာကလေးတို့ကမ္ဘာ
၉:၁၀	Celebrity Style (L လွန်းဝါ)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၄)
၁၀:၁၀	Cartoon Show Time (DESPICABLE ME)
၁၀:၄၅	အရိုးအကြောအဆစ်များပြန်လည်သန်စွမ်းစေမည်နှင်းဆီ
၁၁:၀၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ - Bolly Wood Star စန္ဒာဝင်း)
၁၁:၃၀	**ရင်သွေးအတွက်သတိတစ်ချက်** ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရူပါဦး (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၁:၄၀	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁၁:၅၀	World of Knowledge (Inside; Mumbai Terror Attack)
၁၂:၄၀	ဒွါရာဝတီ၏အနုပညာ… ဝါးရက်ကန်းလက်ရာ
၁၂:၅၀	မြင့်မြတ်စိတ်ထား ATKI-KEN အားကစား
၁:၂၀	ဆီထွက်သီးနှံများထဲမှ **ဆီအုန်း**
၁:၃၅	ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့အလည်တစ်ခေါက်
၂:၀၀	မြင်သုံးမြင်မှ ထူးခြားရှေးဟောင်းလက်ရာပစ္စည်းများ
၂:၁၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Royal Floral)
၂:၂၅	Orchard Familica (အပိုင်း-၂)
၂:၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါး **ငါးဖိန်း**
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ဖိတ်ခေါ်ပါသည် ဖွံ့ဖြိုးဝေစည် ညောင်ကျိုးမြို့ဆီ
၄:၁၅	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
၄:၄၅	ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကို ချထားပြီးမှ အပြင်သို့ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
- မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန

ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း တက်ရောက်သည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၀ ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပသော ပင်မခွဲစိတ်ခန်းသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲသို့တက်ရောက်၍ ပင်မခွဲစိတ်ခန်းသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ပင်မခွဲစိတ်ခန်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် အလက(၉) မြနီလာကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး (ငြိမ်း)ဦးစိန်ဝင်း၊ ကျောင်းအကျိုးတော်ဆောင်နာယက ဦးဘတင့်ဆွေ၊ ကျောင်းအုပ်ဆရာကြီး ဦးသောင်းစိန်တို့ ကျောင်းဆောင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၁၉)

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျောင်းခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် လေးဘာသာဂုဏ်ထူးရ မောင်ရဲထက်အောင်အား ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ရာ ယခုအပတ်ထုတ်ဂျာနယ်၌ ပြည်တွင်းရှိ ကားနှင့် ရထားများပေါ်တွင် အင်တာနက်အသုံးပြုနိုင်တော့မည်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်အမည်များ အတည်ပြုကြေညာ၊ ဗီယက်နမ်၌ ပထမအကြိမ် မြန်မာ့ထုတ်ကုန်ပြပွဲ ကျင်းပ၊ မြန်မာမှ ဂျပန်သို့ အထည်တင်ပို့မှု နှစ်စဉ်မြင့်တက်လျက်ရှိပြီး ယခုနှစ်တွင် သိသာစွာတိုးတက်လာ၊ စာရေးဆရာများအတွက် ရည်ညွှန်းစင်တာဖွင့်လှစ်၊ မုတ္တမပင်လယ်ကွေ့ကို ကမ္ဘာ့အရေးကြီး ရေတိမ်ဒေသတစ်ခုအဖြစ် သတ်မှတ်မည်၊ ကျပ်ငါးသိန်းတန် CDMA 800 MHz ကွန်ရက်တိုးချဲ့ရန်စီစဉ်၊ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကို မျက်လှည့်ပညာဖြင့် တွင်ကျယ်စွာရိုက်ကူးလာ၊ ပါရမီ တက္ကစီလုယက်ခံရမှု ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့၊ သရုပ်ဆောင်/အဆိုတော် အမျိုးသမီးများ ပြိုင်ကားမောင်း အထူးပြိုင်ပွဲကျင်းပ၊ ဆိုမာလီ ပင်လယ်ဓားပြများလက်ထဲတွင် ဓားစာခံဖြစ်ခဲ့ရသည့် မြန်မာသင်္ဘောသား၏ ကိုယ်တွေ့ ဖြစ်ရပ်၊ ကမ္ဘာ့ ခြေချောင်း၊ လက်ချောင်း အများဆုံးလူသားအဖြစ် ယခုနှစ်ကမ္ဘာ့စံချိန်မှတ်တမ်းဝင်ရန် မြန်မာနိုင်ငံမှ ကလေးငယ်စာရင်းသွင်းခံရ၊ လေးရက်အတွင်း ရွာတစ်ရွာသို့ ဝံပုလွေအကောင် ၄၀၀ ဝင်ရောက်ပြီး မြင်းအကောင် ၃၀ ကျော်ကိုကိုက်သတ်ခဲ့၊ အော်စကာဆုအတွက် ဆန်ခါတင် စာရင်းထွက်ပေါ်လာ၊ စိတ်ဖြင့်ထိန်းချုပ်နိုင်သော လက်အတုများရပြီ၊ လူနေမှုပုံစံသစ်နှင့် အနာဂတ်မြို့ကြီးများ၊ အိန္ဒိယလူမျိုးတစ်ဦးက မိုးပျံမော်တော်ကားကို ကိုယ်တိုင်ပြုလုပ် စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ အထွေထွေ အတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေး၊ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဒေါက်တာပွင့်ဆန်း၊ဗဟိုအလုပ်အမှုဆောင်များအား Japanese Chamber of Commerce & Industry, Yangon (JCCY) မှ Chairman, Mr. Toru Hiroe, Japan External Trade Organization, Yangon (JETRO) မှ Managing Director များဖြစ်သော Mr. Eitaro Kojima နှင့် Mr. Toshihiro Mizutani တို့သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

အဆိုပါ တွေ့ဆုံပွဲတွင် ဂျပန်-မြန်မာ စီးပွားကုန်သွယ်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများဆောင်ရွက်လုပ်ကိုင်နေမှုအခြေအနေ၊ အထည်ချုပ်လုပ်ငန်းနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လိုခြင်းကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မအူပင်မြို့နယ်၌ သင်တန်းဖွင့်

မအူပင် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းသင်တန်းဖွင့်ပွဲနှင့် တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက မအူပင်မြို့နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်း **(အပေါ်ပုံ)** နှင့် မအူပင်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းစိုးမင်းတို့က အမှာစကားပြောကြားကြသည်။

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့မအူပင်မြို့နယ်ဥက္ကဋ္ဌ ဦးညီညီလင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးတင်ဝင်းနှင့် ခရိုင်/မြို့နယ် မြေစာရင်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်/ မြို့နယ် စိုက်တိုးမြှင့် အဖွဲ့ဝင်များနှင့် လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ စုစုပေါင်း၅၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (ဝ၆၈)

အထက(၅)တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

တောင်ဥက္ကလာပမြို့နယ် အထက(၅)တွင် ပညာသင်ကြားပေးခဲ့ကြသော အသက် ၆၀ကျော် ဆရာ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းမြတ်လေးဆောင်၌ကျင်းပမည်ဖြစ်ရာ ဆရာဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် အထက(၅) ကျောင်းအုပ်ဆရာကြီး ဦးအောင်ရှိန် ဖုန်း-၀၁-၅၆၅၃၀၈၊ ဦးခင်မောင်သန်း ဖုန်း-၀၉-၅၁၇၁၇၅၅၊ ဦးဇော်မျိုးထက် ဖုန်း-၀၁-၅၆၃၄၅၇၊ ဦးတင့်ဇော် ဖုန်း-၀၉-၅၀၇၀၅၃၈၊ ဒေါက်တာခင်ကျော်ညို ဖုန်း-၀၁-၅၆၃၄၇၉၊ ဒေါ်နွယ်နွယ်ဝင်း ဖုန်း-၀၁-၅၇၁၃၇၂၊ ဦးသက်ဇော်ထိုက် ဖုန်း-၀၁-၇၃၁၀၀၈၈၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ ***(၁၁၉)***

သဃ်္ဃန်းကျွန်းမြို့နယ် ဘက်စုံထူးချွန် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က အထက (၁) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးရှိန်းလိန်းအောင်က ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အမြင့်မားဆုံး ထူးချွန်ဆုရ အထက (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်အား ဆုချီးမြှင့်စဉ်။ (၁၂၁)

မြန်မာ့ဆောက်လုပ်ရေးလမ်းညွှန်စာအုပ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အဆောက်အအုံများကို တည်ဆောက်ပြုပြင်အလှဆင်ရန်အတွက်သာမက အိမ်ဆောက်ခြင်းနှင့်ပတ်သက်သည့် ကန်ထရိုက်တာရွေးချယ်ခြင်း၊ လုပ်ငန်းခွင်တွင် ကံကောင်းစေမည့် အထားအသိုတည်ဆောက်ပုံများ၊ လုံခြုံရေးပစ္စည်းများနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများ၊ စာချုပ်ချုပ်ဆိုမည့်သူများ သိသင့်သည့်အချက်များစသည့် အိမ်တစ်အိမ်အတွက် ဖြည့်ဆည်းရမည့် ပစ္စည်းမှန်သမျှ ဆက်သွယ်ဝယ်ယူနိုင်မည့် လုပ်ငန်းအားလုံး၏ လိပ်စာအပြည့်အစုံကို တစ်နေရာတည်းတွင်ရရှိနိုင်သည့် မြန်မာ့ဆောက်လုပ်ရေးလမ်းညွှန် ၂၀၁၁ ထွက်ရှိနေပြီ ဖြစ်သည်။ **(ဝဲပုံ)**

ဖော်ပြထား

ယင်းလမ်းညွှန်ကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် Logistics Media Services Co.,Ltd. မှ ပဉ္စမအကြိမ်မြောက် ထုတ်ဝေခြင်းဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးနှင့်ဆိုင်သော ဆောက်လုပ်ရေးလမ်းညွှန်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပါအဝင် စီးပွားရေးအချက်အချာမြို့ ၂၂ မြို့တို့၏ လုပ်ငန်းလိပ်စာများကို မြို့အလိုက် ခွဲခြားဖော်ပြထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ အခမ်းအနား မိုးမောက်၌ ကျင်းပ

မိုးမောက် ဖေဖော်ဝါရီ ၁၅

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ရင်ပြင်၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက (၆၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်အလံကို တက်ရောက်လာကြသောဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများက အလေးပြုကြပြီးနောက် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဘီးလင်းမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးအား ခရီးသည်တင်ယာဉ်တစ်စီးက နင်းမိသဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဘီးလင်းမြို့နယ် နတ်ကြီးကျေးရွာနေ ယာဉ်မောင်း ညီညီထွန်း မောင်းနှင်သည့် ဘီးလင်း-နတ်ကြီးခရီးသည်တင် မစ်ဆူဘီရှီ Double Cab ယာဉ်သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခန့်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပဒါတော်ကျေးရွာအထက် တစ်မိုင်ခန့်အကွာ ဘီးလင်း-နတ်ကြီး ကားလမ်း၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ယာဉ်မောင်း ညီညီထွန်းနှင့် ခရီးသည်တစ်ဦး သေဆုံးကာ ယာဉ်နောက်လိုက် တစ်ဦးနှင့် ခရီးသည်တစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိ

ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ သောင်းကျန်းသူများ၏ မိုင်းနင်းမိသဖြင့် အပြစ်မဲ့ပြည်သူ လေးဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) ဒုတိယရဲမှူး ဝင်းတင်၊ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ခန့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးထင်ကျော်ခိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်ကျော်တို့ပါဝင်သောအဖွဲ့ တပ်ကုန်းမြို့မဈေး၌ မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့ဖြင့် သရုပ်ပြလေ့ကျင့်ခန်းဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရန်ကုန်-ပုသိမ် ကားလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက် တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယာဉ်မောင်း သက်နိုင်ငြိမ်း မောင်းနှင်သည့် ကုမ္ပဏီပိုင်ကင်တာယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ် (၂၅/၅)နှင့် (၂၅/၄)အကြား၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်သွားခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ကုမ္ပဏီဝန်ထမ်းတစ်ဦး သေဆုံးပြီး လေးဦးမှာ ပေါက်ပြဲနာကျင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းသက်နိုင်ငြိမ်းအား ကျောင်းကုန်းရဲစခန်းက အမှုဖွင့်ပြီး စစ်ဆေးလျက်ရှိရာ နောင်မှတသည့် နောင်တရမှုများ မဖြစ်စေရေးအတွက် ယာဉ်မောင်းနှင်စဉ် သတိတရား လက်ကိုင်ထားကြရန်လိုကြောင်း၊ မိမိထိန်းနိုင်သလောက်အရှိန်ဖြင့်သာ သတိထားမောင်းနှင်ကြရန်လိုကြောင်းစသည်ဖြင့် ယာဉ်မှုစစ်တစ်ဦးက သတင်းဌာနသို့ သတိပေးစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါကျောင်း၏ ပညာတန်ဆောင်ခန်းမ၌ကျင်းပရာ မြို့နယ်အဆင့်အင်္ဂလိပ်စာပြိုင်ပွဲတွင် တတိယဆုနှင့် သိပ္ပံဘာသာရပ်ထူးချွန် တတိယဆုရရှိသူ Grade (5A.1) မှ မောင်တက်နေလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

သတ္တုတွင်းဝန်ကြီးဌာနမှ ဦးဝင်းကိုသည် ဦးစောလှ၊ ဦးမောင်တိုး၊ ဦးလှသိန်း၊ ဦးစန်းလွင်တို့နှင့်အတူ ဖေဖော်ဝါရီ ၁၄ ရက်တွင် နေပြည်တော် Royal Myanmar Golf Club ၌ ဂေါက်သီးရိုက်ကစားစဉ် Srixon Soft Feel No(2) ဘောလုံးကို Honma Iron No(7) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၆ ကိုက်အကွာအဝေးရှိ ကျင်းအမှတ် (၁၁)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

The Indian Council for Cultural Relations (ICCR) ၏စီစဉ်ဖိတ်ကြားမှုဖြင့် အိန္ဒိယနိုင်ငံ Kerala မြို့တွင် နိုင်ငံတကာမှ ပန်းချီပညာရှင်များ တွေ့ဆုံပန်းချီရေးဆွဲခြင်း Kerala Green Artists Camp ကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)မှ အတွင်းရေးမှူး ပန်းချီဦးကြည်ဝင်း (တူဒေး)နှင့် ပန်းချီ ဦးနေမျိုးဆေးတို့ ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်လေဆိပ်မှ ထိုင်းလေကြောင်းခရီးဖြင့် မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

တောင်ကိုရီးယား၌ ဆီးနှင်းများ အဆိုးရွားဆုံးကျဆင်း

ဆိုးလ် ဖေဖော်ဝါရီ ၁၅

တောင်ကိုရီးယားနိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်းဒေသများ၌ နှစ် ၁၀၀ အတွင်း ဆီးနှင်းများ အဆိုးရွားဆုံးကျဆင်းခဲ့ရာ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များက ရှင်းလင်းရေးပြုလုပ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

ပျက်စီးခဲ့

ဆီးနှင်းထုမှာ တစ်မီတာ အမြင့်ရှိကြောင်း၊ အရှေ့ပိုင်းမြို့ကြီးအချို့တွင် ဆီးနှင်းများ ဖုံးလွှမ်းသွားခဲ့ကြောင်း၊ လမ်းမများပေါ်တွင် ရာပေါင်းများစွာသော မော်တော်ယာဉ်များ သောင်တင်ရပ်ထားလျက်ရှိကြောင်း၊ နေအိမ်အများအပြားလည်း ပျက်စီးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မင်္ဂလာဆောင် အခမ်းအနားမှ ပြန်လာသည့်ကား မီးလောင်မှုဖြစ်ပွား

ပန်ဂျပ် ဖေဖော်ဝါရီ ၁၅

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း၌ လက်ထပ်မင်္ဂလာအခမ်းအနားမှ ပြန်လာသည့် ဘတ်စ်ကားတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၂ ဦး သေဆုံးခဲ့ရကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က အင်တာနက်စာမျက်နှာတွင် ဖော်ပြသည်။

ဖြစ်ပွား

သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ဘတ်စ်ကားသည် ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းတွင် ပန်ဂျပ်ပြည်နယ် စီရယ်ကော့တ်မြို့ မင်္ဂလာဆောင်အခမ်းအနားတစ်ခုမှ ပြန်လာကြရာ ဟီလွန်းဒေသ ရှီဟာလာမြို့အနီး၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးသူနှင့် ဒဏ်ရာရသူများအား ကယ်ဆယ်ရေးအဖွဲ့က ဟီလွန်းနှင့် ဂူဂျာခမ်းမြို့များသို့ တင်ပို့ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့က စုံစမ်းဆဲဖြစ်ကြောင်း သတင်းရရှိသည်။ **(အင်တာနက်)**

မူးယစ်ဆေးဝါးရေငုပ်သင်္ဘော ကိုလံဘီယာရေတပ် ဖမ်းဆီးရမိ

တင်ဘီကွိ (ကိုလံဘီယာ) ဖေဖော်ဝါရီ ၁၅

မက္ကဆီကိုနိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးများ မှောင်ခိုတင်သွင်းရန် တည်ဆောက်ထားသည်ဟု ယူဆရသော ရေငုပ်သင်္ဘောတစ်စင်းကို ကိုလံဘီယာရေတပ်က ဖမ်းဆီးလိုက်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

အရှည်ပေ ၁၀၀ ရှိ ယင်းရေငုပ်သင်္ဘောကို ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်း တင်ဘီကွိဒေသ တောတွင်းတစ်နေရာတွင် ဝှက်ထားစဉ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာရေတပ်က ပြောကြားသည်။ (အပေါ်ပုံ)

အထူးတီထွင် ထုတ်လုပ်ထားသည့် ယင်းရေငုပ်သင်္ဘောသည် ရေအောက် ပေ ၃၀ ငုပ်လျှိုးသွားနိုင်စွမ်းရှိကြောင်း၊ ၎င်းမှာ လူလေးဦးနှင့် ကုန်တန်ချိန် ရှစ်တန်သယ်ဆောင်နိုင်ကြောင်း၊ ရေချရန် အသင့်ဖြစ်နေကြောင်း၊ လက်ဖြစ်ရေငုပ်သင်္ဘောများတွင် အကြီးဆုံးဖြစ်ကြောင်း၊ တည်ဆောက်မှုကုန်ကျစရိတ်ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ကုန်ကျနိုင်ကြောင်း ပစီဖိတ်ရေတပ် တပ်မှူးဗီလက်ဇ်က ပြောကြားသည်။ (အင်တာနက်)



မန္တလေးမြို့ပတ်ကမ်းနားလမ်းရှိ ရေတွန်းစက်ရုံ မြို့တော်ဝန်စစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် မန္တလေးမြို့ပတ်လမ်း(ကမ်းနားလမ်း) ၁၆ လမ်းနှင့် ၁၉ လမ်းကြားရှိ ရေသန့်စင်အဆောက်အအုံများနှင့် ရေတွန်းစက်ရုံတည်ဆောက်ရေးလုပ်ငန်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** ရေနှင့်သန့်ရှင်းရေးဌာန တာဝန်ခံအင်ဂျင်နီယာများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်အတွင်း ၈၆ လမ်းအား ၁၁ လမ်းမှ မြောက်ဘက်ခြမ်း လမ်းအရှည် ပေ ၂၇၀၀ ကျော် ထပ်ပိုးလွှာတင် ကတ္တရာလမ်းတိုးချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လမ်းတံတားဌာန ဌာနမှူးနှင့်တာဝန်ခံ အင်ဂျင်နီယာများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝ၄ဝ)**

အဘိုးအဘွားများအား တိုင်းရင်းဆေးဝါးဖြင့် ကွင်းဆင်းကုသ

မင်းဘူး ဖေဖော်ဝါရီ ၁၄

မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် တိုင်းရင်းဆေးကုဌာန ခရိုင်တိုင်းရင်းဆေးမှူးဒေါ်သန်းသန်းဟန်ခေါင်းဆောင်သော ဆရာမများအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက်က မင်းဘူးမြို့နယ် အမှတ်(၃)ရပ်ကွက် အတွင်းရှိ အသက် ၆၀နှင့်အထက် အဘိုးအဘွား ၃၀ အား အိမ်တိုင်ရာရောက် တိုင်းရင်းဆေးဝါးများဖြင့် ကွင်းဆင်းကုသပေးသည်။ **(အောက်ပုံ)** ထို့နောက် အဘိုးအဘွားများအား အာဟာရ မုန့်ထုပ်များနှင့် စုစုပေါင်းငွေကျပ်၅၀၀၀၀ကိုလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကောလင်း၌ အလုပ်ရုံဆွေးနွေး

ကောလင်း ဖေဖော်ဝါရီ ၁၄

ကသာခရိုင် ကောလင်းမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက ကောလင်းမြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်က အမှာစကားပြောကြားပြီး ဆက်လက်၍ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးကျော်ဝင်းက မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်ခဲ့

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားများအား ခရိုင်မြေစာရင်းဦးစီးမှူး ဦးတင့်ဝေက ကြီးကြပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝ၃၈)**

ကျောင်းကုန်းမြို့နယ်၌ စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များနှင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲ၊ ကျောင်းကုန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်များလှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျောင်းကုန်းမြို့နယ် ဘဝရှေ့ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးဘုန်းဝေ (ဒါရိုက်တာ-ဘုန်းဝေ)က အမှာစကားပြောကြားကာ ကျောင်းကုန်းမြို့နယ် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်ထံ စာအုပ်များ ပေးအပ်လှူဒါန်းပြီး အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအောင်မြင့်သောင်း(အောင်မြင့်သောင်း- ဘူမိဗေဒ)က ကျောင်းကုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာကြည့်တိုက်မှူး ဒေါ်ကျင်သိန်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(၁၁၃)**

မူလတန်း(လွန်)နှစ်ထပ်ကျောင်းဆောင်သစ် ရွှေကူမြို့နယ်၌ ပညာရေးဌာနသို့ လွှဲအပ်

ရွှေကူ ဖေဖော်ဝါရီ ၁၄

ရွှေကူမြို့နယ် ရွှေဘုံသာကျေးရွာ အခြေခံပညာမူလတန်း(လွန်) နှစ်ထပ်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားတွင်မြို့နယ်အတွင်းရေးမှူး ဦးစန်းဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်နှင့် ရွှေဘုံသာကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က အမှာစကားပြောကြားကြပြီး ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးချစ်ခင်က ကျောင်းဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းညိုက နှစ်ထပ်ကျောင်းဆောင်သစ်နှင့်ပတ်သက်သောအချက်အလက်များကို မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး ရေတွန်းစက်ရုံမှ ကျေးရွာ ၉၈ ရွာသို့ သောက်သုံးရေပေးဝေလျက်ရှိသည့် ရေတွန်းစက်များ ပြုပြင်ထိန်းသိမ်းမှုကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးသူရထွန်းလင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ဖေဖော်ဝါရီ ၅ ရက်က ရွှေဘုံသာလမ်း အုတ်ရေမြောင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မုရစ်ကလေး-ခရိုက်ဒူး-ဆယ်ပလာ ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ဖေဖော်ဝါရီ ၇ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ရမ်းဗြဲမြို့ အမှတ် (၄)ရပ်ကွက် ဦးမြဝါလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂ ရက်က အမှုဆောင်အရာရှိ ဦးထွန်းခင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ တြိဂံကျွန်းမြေယာရှုခင်းတွင် မြေယာပြုပြင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်က ခေတ္တဒုတိယဦးစီးမှူး ဦးကျော်နန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ချောင်းဦးမြို့နယ်၌ အလုပ်ရုံဆွေးနွေး

ချောင်းဦး ဖေဖော်ဝါရီ ၁၄

၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စီမံကိန်းနောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀နာရီက ချောင်းဦးမြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်နောင်က နောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ မေးခွန်းလွှာများ၊ ထိန်းချုပ်ပုံစံများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ချောင်းဦးမြို့နယ် မြေစာရင်းဦးစီးဌာနမှ သင်တန်းသားဦးရေ ၃၅ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်မြေစာရင်းဦးစီး)

လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများအားတွေ့ဆုံ

ကော့သောင်း ဖေဖော်ဝါရီ ၁၄

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့်အဖွဲ့သည် ဇန်နဝါရီ ၅ ရက်မှ ၁၀ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးအပါအဝင် ကော့သောင်း၊ ခမောက်ကြီး၊ ကရသူရိ၊ ဘုတ်ပြင်း၊ ပြည်ကြီးမဏ္ဍိုင်မြို့များသို့ လှည့်လည်စစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။ ထို့နောက် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဝန်ထမ်းနေအိမ်များကို လိုက်လံစစ်ဆေးခြင်းများပြုလုပ်ကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အင်တောမြို့၌ ကျေးလက်အိမ်ရာထူထောင်ရေး တစ်ရွာတစ်ဧက စိုက်ခင်းလွှဲပြောင်း

အင်တော ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့နယ်၌ သစ်တောဦးစီးဌာနက ကျေးလက်အိမ်ရာထူထောင်ရေး တစ်ရွာတစ်ဧက စိုက်ခင်းလွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၈ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာနမှ တောအုပ် ဦးခင်မောင်ထွေးက ၂၀၀၉-၂၀၁၀ခုနှစ် စိုက်ခင်းများနှင့် ၂၀၁၀-၂၀၁၁ခုနှစ်တွင် စိုက်ပျိုးရမည့် စိုက်ခင်းများကို ကျေးရွာအုပ်စုအလိုက် လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နောင်ချို၌ ရွှေမုဋ္ဌော-မဲပုတ်လမ်း ကျောက်ချောခင်း

နောင်ချို ဖေဖော်ဝါရီ ၁၄

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ရွှေမုဋ္ဌော-မဲပုတ်ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၄ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့က ရှင်းလင်းတင်ပြခဲ့သည်။ **(အောက်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါလမ်းမှာ အရှည် ၃၅၂၅ ပေ၊ အကျယ် ၁၀ ပေ၊ ဒ ခုနစ် လက်မရှိ ကျောက်ချောလမ်း အမျိုးအစားဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၂၉၃၀၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မော်လမြိုင်ခရိုင်အတွင်း ကွင်းဖွဲ့တိုင်းတာခြင်းဆောင်ရွက်

မော်လမြိုင် ဖေဖော်ဝါရီ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မော်လမြိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းဝင်းသည် ဖေဖော်ဝါရီ ၆ ရက်က မုဒုံမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးစန်းယုနှင့်အတူ မုဒုံမြို့နယ် ရောင်းဒေါင်းကျေးရွာအုပ်စုအတွင်း မူလကွင်းဖွဲ့ တိုင်းတာခြင်းလုပ်ငန်းဖြစ်သည့် မှန်ပြောင်းဖြင့် ကွက်ကြဲတိုင်းတာဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ဆောင်ရွက်လျက်ရှိ

မွန်ပြည်နယ် မြေစာရင်းဦးစီးဌာနအနေဖြင့် အရေးပါသည့် ကွင်းထွက်မြေပုံများရရှိရေးအတွက် ၂၀၁၁ခုနှစ်တွင် မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့တွင် ကွင်းပေါင်း ၂၀ကို မူလကွင်းဖွဲ့တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၁၄)

ပဲခူးဒီဂရီကောလိပ်တွင် စာပေဟောပြော

ပဲခူး ဖေဖော်ဝါရီ ၁၄

ပဲခူးဒီဂရီကောလိပ် မြန်မာစာမိသားစု၏ ပထမအကြိမ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀နာရီက ပင်မဆောင် အပေါ်ထပ်၌ကျင်းပရာ အခမ်းအနားတွင် ပဲခူးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာသန်းဝင်းနှင့် မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါ်ချိုချိုတင့်(မတင့်-မြန်မာစာ)တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဟောပြော

ထို့နောက် စာပေဟောပြောပွဲ အခမ်းအနားကျင်းပရာ စာရေးဆရာကြည်ရွှန်း၊ အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာနှင့် စာရေးဆရာ ညွှန့်ဟံ(ကြူတော) တို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (ဝ၆၀)

မြို့နယ်သတင်း ထွေတလာ

ပညာရေးစုံညီပွဲတော် ကော့မှူးမြို့နယ်၌ ကျင်းပ

ကော့မှူး ဖေဖော်ဝါရီ ၁၄

ကော့မှူးမြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ရက် နံနက် ၁၁နာရီက ကော့မှူးမြို့ အထကကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ရင်ရွှေနှင့် ဘက်စုံပညာထူးချွန်ဆုရ မမေသင်းခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွင်း ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကညွတ်ကွင်း၌ တက္ကသိုလ်ပညာသင်စရိတ်ထောက်ပံ့

ဖြူး ဖေဖော်ဝါရီ ၁၄

ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ပညာထူးချွန်သည့် ကျောင်းသားကျောင်းသူ ၁၂ ဦးအား တက္ကသိုလ်ပညာသင်နှစ် ပြီးဆုံးသည်အထိ လစဉ်ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်သည့် အခမ်းအနားကို ကညွတ်ကွင်းအောင်တော်မူခန်းမ၌ ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အခမ်းအနားတွင် ဒေါက်တာ ဦးတင်ရွှေနှင့် တက်ရောက်လာကြသူများက တက္ကသိုလ်ပညာသင် ထောက်ပံ့ငွေများ ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ကညွတ်ကွင်းဒေသ အောင်တော်မူ လူမှုဖွံ့ဖြိုးရေးအသင်း၏ ဆောင်ရွက်မှုများကို ကူညီလှူဒါန်းလိုသူများသည် ဆရာကြီး ဦးတင်စိန် ဖုန်း-၀၁-၅၂၆၇၂၄၊ ဒေါက်တာ ဦးတင်ရွှေ ဖုန်း-၀၅၄-၅၀၂၆၇နှင့် ဦးဗိုလ်လေး ဖုန်း-၀၅၄-၅၀၀၁၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ချောလမ်းခင်း

ဖေဖော်ဝါရီ ၆ ရက်က ဖျာပုံမြို့နယ် အမာမြို့ စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာလင်းနှင့်အဖွဲ့ အောင်မင်္ဂလာလမ်းသွယ် ကျောက်ချောခင်းခြင်း ဆောင်ရွက်နေမှုကို မြို့တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education)-PGDMA
အမှတ်စဉ်(၁၂)သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင်ဖွင့်လှစ်မည့် မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း Postgraduate Diploma in Multi-media Arts (Education)- PGDMA အမှတ်စဉ် (၁၂)သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် အင်္ဂလိပ်စာဘွဲ့တစ်ခုခုရသူဖြစ်ရမည်။

(ဂ) ပြင်ပမှလျှောက်ထားသူဖြစ်ပါက ၂၀၁၁ ခုနှစ် ဇွန် ၉ ရက်တွင် အသက် ၂၅ နှစ်ထက်မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အပိုဒ်ခွဲ(ခ)ပါ ဘွဲ့တစ်ခုခုရရှိရမည့်အပြင် အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံးနှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၃၀ထက်မကြီးသူဖြစ်ရမည်။

(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့တွင် တက်ရောက်နိုင်ရမည်။

(င) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ(သို့မဟုတ်) ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၃။ လျှောက်ထားသူသည် ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများ(တွဲဖက်ပြည်နယ်/တိုင်းဒေသခွဲ အပါအဝင်)မှတစ်ဆင့် သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနသို့ လျှောက်လွှာနှင့် အထောက်အထားစာရွက်စာတမ်းများကို ပေးပို့လျှောက်ထားနိုင်သည်။

၄။ ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ရုံးဌာနဆိုင်ရာ အကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာကိုပူးတွဲ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးပညာရေးမှူးရုံးများသို့ အချိန်မီလျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန (သို့မဟုတ်) ဦးစီးဌာနများသို့ တိုက်ရိုက်လျှောက်ထားမှုမပြုရပါ။

၅။ အင်္ဂလိပ်စာဘာသာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲများကို ၂၀၁၁ခုနှစ် မတ် ၂၁ရက်တွင် သက်ဆိုင်ရာဦးစီးဌာနက သတ်မှတ်ပေးသည့် ရန်ကုန်၊ မန္တလေးစာဖြေဌာနများ၌ စစ်ဆေးမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်သူများ၏ ခုံအမှတ်စာရင်းနှင့် စာဖြေဌာနကို မတ် ၁၉ရက်တွင် သက်ဆိုင်ရာဦးစီးဌာနများ၊ ပညာရေးတက္ကသိုလ်များနှင့် စာဖြေဌာနများတွင် ကြေညာထားမည်ဖြစ်ပြီး ရေးဖြေအောင်စာရင်းကို မတ် ၂၈ရက်တွင် အဆိုပါဌာနများ၌ ကြေညာထားမည်ဖြစ်ပါသည်။

၆။ ရေးဖြေအောင်မြင်သူများအား ဧပြီ ၁ရက်မှစ၍ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ) တို့တွင် လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲဖြေဆိုမည့်သူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ လူတွေ့နှုတ်ဖြေစစ်ဆေးခံရမည့်သူသည် ဘွဲ့လက်မှတ်မူရင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မူရင်းတို့ကိုလည်းကောင်း တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းကာလမှာ ၂၀၁၁ခုနှစ် ဇွန် ၉ရက်မှ ၂၀၁၂ခုနှစ် ဧပြီလဆန်းပိုင်းအထိ ဖြစ်ပါသည်။

၉။ သင်တန်းတက်ရောက်အောင်မြင်သူများကို အခြေခံပညာကျောင်းများတွင် အလယ်တန်းပြအဖြစ် ခန့်အပ်တာဝန်ပေးမည်။

၁၀။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းထားသော လျှောက်လွှာ၃စုံတွင် ဖလအတွင်းရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ပါဓာတ်ပုံ ၁ပုံနှင့် မျက်မှန်မပါဓာတ်ပုံ ၁ပုံ)တို့ကိုကပ်၍ ပူးတွဲရမည့်အထောက်အထားများနှင့်အတူ ၂၀၁၁ခုနှစ် မတ် ၁၀ရက်ထက် နောက်မကျစေဘဲ လျှောက်လွှာတင်သွင်းရမည်။

ရက်စွဲ။ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလ ရက်

ညွှန်ကြားရေးမှူးချုပ်

၂၀၁၁-၂၀၁၂ ပညာသင်နှစ်
မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education)-PGDMA
အမှတ်စဉ်(၁၂) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် -------- ခုနှစ် -------- လ-------- ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် စာစစ်ဌာန ---------------------------
ခုနှစ် ------- မြို့နယ်------------- ပြည်နယ်/တိုင်းဒေသကြီး--------------

၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ---------------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ် -------------------------------

၅။ အိမ်ထောင် ရှိ/မရှိ (ရှိပါက)ဇနီး/ခင်ပွန်းအမည် ---------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ---------------------------------------
----

၇။ အလယ်တန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ ။ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလ ရက်

မြေပုံနှင့်မြေစာရင်းမှန်ကန်ရေးကွင်းဆင်းစစ်ဆေး

စစ်ကိုင်း ဖေဖော်ဝါရီ ၁၄

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအနေဖြင့် မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ခုနှစ် မြေတိုင်းစီမံချက်အရ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကွင်းပေါင်း ၈၀ တိုင်းတာသွားမည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအုပ်စုရှိ ဆင်တပ်မြစ်ရေတင်စီမံကိန်း ရေသောက်ဧရိယာတွင် ပါဝင်သောယာမုလယ်ပြောင်း စပါးစိုက်ဧရိယာဖြစ်သည့် ကွင်းအမှတ်(၈၃၈) ဆင်တပ်ရွာမကွင်းတွင် စစ်ကိုင်းမြို့နယ် မြေစာရင်းဦးစီးဌာန ကွင်းဝန်ထမ်းများမှကွက်ကြဲ၊ကွက်စိပ်မြေတိုင်းတာနေမှုများကိုတာဝန်ရှိသူများလိုက်ပါလျက် သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်မြေစာရင်း)**

ဈေးပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ ချောင်းသာကမ်းခြေတွင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ချောင်းသာဟိုတယ်ဇုန်)က ကြီးမှူး၍ ကမ်းခြေဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကို ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ၂၅ ရက် ညနေတွင် ဟိုတယ်အလိုက် အကျွေးအမွေးများဖြင့် လှူဒါန်းခြင်း၊ ၂၆ရက်တွင် နာမည်ကြီးအဆိုတော်များ၊ ခေတ်အလိုက်အကအဖွဲ့များဖြင့် ဖျော်ဖြေခြင်း၊ ၂၇ ရက်ညတွင် နာမည်ကျော် လူရွှင်တော်များ၏ အငြိမ့်အဖွဲ့ဖြင့် ကပြဖျော်ဖြေခြင်းအပြင် ကမ်းခြေအလှ ဓာတ်ပုံရိုက်ပြိုင်ပွဲ၊ သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲနှင့် ဒေသအမှတ်တရ ပစ္စည်းအရောင်းဆိုင်များကို ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဦးကျော်ဟိုး ဖုန်း-၀၉-၅၂၀၀၆၀၆၊ ဦးလှိုင်မွန် ဖုန်း-၀၉-၅၀၀၂၉၀၇ နှင့် ဦးအောင်ထွန်း ဖုန်း-၀၉- ၅၁၁၃၈၅၅ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ချောင်းသာကမ်းခြေတွင် အင်တာနက်စတင်သုံးစွဲ

ချောင်းသာ ဖေဖော်ဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ် ချောင်းသာကမ်းခြေ အပန်းဖြေစခန်းရှိ Hotel Ayeyarwady တွင် ဇန်နဝါရီ ၁၉ရက်က အင်တာနက် စတင် သုံးစွဲလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ဟိုတယ်သည် Hotel Lai Lai ရှေ့ မျက်နှာချင်းဆိုင်တွင် တည်ရှိပြီး ဟိုတယ်ဇုန်လမ်းမကြီးကို မျက်နှာစာပြု တည်ဆောက်ထားသည်။ ခေတ်မီအဆင့်မြင့် နှစ်ယောက်ခန်း ခြောက်ခန်းတွဲ နှစ်ဆောင်သီးသန့် တည်ဆောက်ထားသည်။၂၀၁၀ ခုနှစ် စက်တင်ဘာက စတင်ဖွင့်လှစ်ခဲ့ပြီး ချောင်းသာကမ်းခြေတစ်ခုလုံးရှိ ဟိုတယ်များအားလုံးနှင့် ပြည်တွင်းပြည်ပခရီးသွားများအားလုံးအတွက် ၂၄ နာရီ အင်တာနက် အသုံးပြုနိုင်ရန် စီစဉ်ပေးထားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရေဖြူမြို့ ရေး-ထားဝယ် လမ်းဘေးဝဲယာ တစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်မှုကိုဇန်နဝါရီ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနိုင်ထွေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်ပြန်/ဆက်)

ထူးချွန်ဆု ပေးအပ်

မအူပင်မြို့နယ် လက်ျာအုံကြီး အုပ်စု ဘိုးကလေးကျေးရွာ မြရိုးစု(၁) မူလတန်းကျောင်းတွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်၏ ဘက်စုံထူးချွန်ဆုပေးအပ်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ ဆုရရှိသူများ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (ပညာရေး)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ရွှေဘို၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရွှေဘို ဖေဖော်ဝါရီ ၁၄

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၏ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း၊ နောက်ဆက်တွဲစာရင်းကောက်ယူရေးလုပ်ငန်း၊ မြို့နယ်အဆင့် အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ၂ရက် နံနက် ၉နာရီက ရွှေဘိုမြို့နယ် မြေစာရင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်၊မြို့နယ်အဆင့် စိုက်ပျိုးကြီးကြပ်မှုကော်မတီဝင်များ၊မြေစာရင်းဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူးဦးအောင်မြင့် (ဦးစီးအရာရှိ)က လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ဝဲပုံ)(မြို့နယ်မြေစာရင်း)**

ထီးချိုင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထီးချိုင့်ကျောင်းကုန်းလမ်းပေါ်ရှိရွာသစ်ကုန်းတံတားပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးတင်ညွှန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့်အငယ်တန်း အင်ဂျင်နီယာ-၂ ဦးဗိုလ်မင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပညာရေးစုံညီပွဲတော် ပင်လောင်း၌ကျင်းပ

ပင်လောင်း ဖေဖော်ဝါရီ ၁၄

ပင်လောင်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ်မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ ၂၀၁၀-၂၀၁၁ပညာသင်နှစ်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၀ရက် နံနက် ၉ နာရီက အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်လှတို့က အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ဆုရကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး**(ဝဲပုံ)** ကျောင်းသားကျောင်းသူများကိုယ်စား ဆုရကျောင်းသူ မနန်းဝင့်ဝင့်ဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၁၈၉)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုအားပေးသည်။

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံ၌ တက်ရောက် ဆေးဝါးကုသမှု ခံယူလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ကြီးအား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်အား လည်းကောင်း ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော မန္တလေးတိုင်းဒေသကြီး အမှတ်(၄) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်အား ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)